
# ဂျပန်နိုင်ငံတွင် ပညာသင်ကြားခြင်းဆိုင်ရာ သိကောင်းစရာများ ၂၀၂၄

# ဂျပန်နိုင်ငံတွင် ပညာသင်ကြားခြင်းဆိုင်ရာ သိကောင်းစရာများ ၂၀၂၄



CONTENTS

## Ⅰ. ဂျပန်နိုင်ငံတွင်ပညာသင်ရန်အတွက် ဘယ်လိုပြင်ဆင်ရမှာလဲ။


01 ဂျပန်နိုင်ငံ၏ ပညာရေးစနစ် ဘယ်လိုရှိသလဲ။ 2
02 ဂျပန်နိုင်ငံတွင် နိုင်ငံခြားကျောင်းသားများ ဘယ်နှစ်ယောက်လောက်ရှိသလဲ။ 2
03 ဂျပန်နိုင်ငံတွင် ပညာသင်ရန် သတ်မှတ်ချက်များ ဘယ်လိုရှိသလဲ။ 3
04 ပညာသင်စရိတ် ဘယ်လောက်ကုန်ကျနိုင်သလဲ။ 4
05 နေထိုင်ခွင့်ဆိုသည်မှာ ဘာလဲ။ ဂျပန်နိုင်ငံတွင် ပညာသင်ရန် ဘာဗီဇာလိုအပ်သလဲ။ 4


## Ⅱ. ဘယ်ကျောင်းတွင် ပညာသင်ကြားမှာလဲ။


01 ဂျပန်စာသင်တန်းကျောင်းဆိုသည်မှာ ဘယ်လိုကျောင်းမျိုးဖြစ်သလဲ။ 5
02 ဘွဲ့လွန်တက္ကသိုလ်ကိုတက်ရန် လိုအပ်သော အရည်အချင်း ဘယ်လိုရှိသလဲ။ 6
03 တက္ကသိုလ်ကိုတက်ရန် လိုအပ်သောအရည်အချင်း ဘယ်လိုရှိသလဲ။ 6
04 ဂျူနီယာကောလိပ်ကိုတက်ရန် လိုအပ်သောအရည်အချင်းဘယ်လိုရှိသလဲ။ 6
05 နည်းပညာကောလိပ်ကိုတက်ရန် လိုအပ်သောအရည်အချင်း ဘယ်လိုရှိသလဲ။ 6
06 အထူးပြုသင်တန်းကောလိပ်တက်ရန်လိုအပ်သောအရည်အချင်းဘယ်လိုရှိသလဲ။ 7
07 ပညာသင်ဆုစနစ် ရှိသလား။ 7
08 ဂျပန်နိုင်ငံတွင် အလုပ်အကိုင်ရရှိနိုင်သလား။ 8



## Ⅲ. ဂျပန်နိုင်ငံတွင် နေထိုင်ရန် အဆင်ပြေနိုင်မှာလား။


01 နေထိုင်ခွင့်ကတ်ဆိုသည်မှာ ဘာလဲ။ 9
02 ဂျပန်နိုင်ငံတွင် နေထိုင်စရိတ် ဘယ်လောက်ကုန်ကျနိုင်သလဲ။ 10
03 နိုင်ငံခြားကျောင်းသားသည် အချိန်ပိုင်းအလုပ်လုပ်နိုင်သလား။ 11
04 ရေ၊ မီး၊ ဂတ်စ်၊ တယ်လီဖုန်းသုံးရန် ဘယ်လိုလုပ်ရမှာလဲ။ 12
05 အမှိုက်ကို ဘယ်လိုပစ်ရမှာလဲ။ 12
06 အရေးပေါ်အခြေအနေကြုံရင်ဘယ်လိုလုပ်ရမှာလဲ။ 12
07 ဂျပန်နိုင်ငံ၏ ကျန်းမာရေးအာမခံနှင့် ပင်စင်ကိုဝင်ရန် လိုအပ်သလား။ 12
08 My Number ဆိုသည်မှာ ဘာလဲ။ 13
09 ဂျပန်နိုင်ငံတွင်ကျောင်းတက်နေစဉ် လိုက်နာဆောင်ရွက်ရမည့် အစိုးရရုံးပိုင်း ဆိုင်ရာကိစ္စရပ်များရှိသလား။ 13
10 နိုင်ငံခြားကျောင်းသားမှ သတိထားရမည့်အချက်များ ဘာများရှိသလဲ။ 14

# I . ဂျပန်နိုင်ငံတွင် ပညာသင်ရန်အတွက် ဘယ်လိုပြင်ဆင်ရမှာလဲ။

## 01 ▶ ဂျပန်နိုင်ငံ၏ ပညာရေးစနစ် ဘယ်လိုရှိသလဲ။

ဂျပန်နိုင်ငံတွင် **အခြေခံအဆင့်ပညာရေး**အတွက် မူလတန်းကျောင်းတွင် (၆) နှစ်၊ **အလယ်အဆင့်ပညာရေး**အတွက် အလယ်တန်းကျောင်းတွင် (၃) နှစ်၊ အထက်တန်းကျောင်းတွင် (၃)နှစ် သင်ယူရပါမည်။ **အဆင့်မြင့်ပညာရေး**အတွက် ဘွဲ့လွန်တက္ကသိုလ်၊ တက္ကသိုလ်၊ ဂျူနီယာကောလိပ်၊ နည်းပညာကောလိပ်၊ အထူးပြုသင်တန်းကောလိပ်တို့ရှိပါသည်။ ဂျပန်နိုင်ငံတွင် ဧပြီလမှာ ကျောင်းစဖွင့်ပြီး မတ်လမှာ ကျောင်းပြီးပါသည်။ (အချို့ကျောင်းသည် အောက်တိုဘာလမှာ ကျောင်းဖွင့်ပြီး စက်တင်ဘာလမှာ ကျောင်းပြီးမည့်ကျောင်းလည်းရှိပါသည်။)




＊မူလတန်း ၆နှစ် နှင့် အလယ်တန်း ၃နှစ်တွင် မသင်မနေရ ပညာသင်ရပါမည်။

## 02 ▶ ဂျပန်နိုင်ငံတွင် နိုင်ငံခြားကျောင်းသားများ ဘယ်နှစ်ယောက်လောက်ရှိသလဲ။

အဆင့်မြင့်ပညာရေးတွင် ပညာသင်ယူနေသည့် နိုင်ငံခြားကျောင်းသားသည် ၁၈၁,၇၄၁ ဦးရှိပါသည်။ ဒါအပြင် အဆင့်မြင့်ပညာရေးတွင် တက်ရောက်ပညာသင်ယူရန်အတွက် ဂျပန်စာသင်တန်းကျောင်းမှာ ဂျပန်စာလေ့လာနေသူ ၄၉,၄၀၅ ဦးရှိပြီး (၂၀၂၂ခုနှစ် မေလ စာရင်းအရ) စုစုပေါင်း ၂၃၁,၁၄၆ ဦး ရှိပါသည်။

**ကျောင်းအမျိုးအစားအလိုက် နိုင်ငံခြားကျောင်းသားဦးရေ**

| | |
|---|---|
| ဘွဲ့လွန်တက္ကသိုလ် | ၅၃,၁၂၂ ဦး |
| တက္ကသိုလ် | ၇၂,၀၄၇ ဦး |
| ဂျူနီယာကောလိပ် | ၁,၈၆၃ ဦး |
| နည်းပညာကောလိပ် | ၄၈၀ ဦး |
| အထူးပြုသင်တန်းကောလိပ် | ၅၁,၉၅၅ ဦး |
| တက္ကသိုလ်ပြင်ဆင်တန်း | ၂,၂၇၄ ဦး |
| ဂျပန်စာသင်တန်းကျောင်း | ၄၉,၄၀၅ ဦး |

**နိုင်ငံခြားကျောင်းသားလာရောက်သည့် အဓိကနိုင်ငံများနှင့် ကျောင်းသားဦးရေ (ဂျပန်စာသင်တန်းကျောင်းအပါအဝင်)**

| | |
|---|---|
| တရုတ် | ၁၀၃,၈၈၂ ဦး |
| ဗီယက်နမ် | ၃၇,၄၀၅ ဦး |
| နီပေါ | ၂၄,၂၅၇ ဦး |
| တောင်ကိုရီးယား | ၁၃,၇၀၁ ဦး |
| အင်ဒိုနီးရှား | ၅,၇၆၃ ဦး |
| ထိုင်ဝမ် | ၅,၀၁၅ ဦး |
| သီရိလင်္ကာ | ၃,၈၅၇ ဦး |

＊တက္ကသိုလ်ပြင်ဆင်တန်းသည် မိခင်နိုင်ငံတွင် ကျောင်းပညာ ၁၂ နှစ် ကြာ ပြီးမြောက်သင်ကြားခြင်းမရှိသူက အဆင့်မြင့်ပညာရေးတွင် ပညာ သင်ယူနိုင်ရန် တက်သည့်သင်တန်းဖြစ်ပါသည်။

(ကိန်းဂဏန်းသည် ဂျပန်ကျောင်းသားများထောက်ပံ့ရေးအသင်း၏ လေ့လာချက်အရ)

# 03 ▶ ဂျပန်နိုင်ငံတွင် ပညာသင်ယူရန် သတ်မှတ်ချက်များ ဘယ်လိုရှိသလဲ။

အဆင့်မြင့်ပညာရေးကျောင်းတွင်တက်ရောက်ပညာသင်ယူရန် မိခင်နိုင်ငံတွင် ကျောင်းပညာ ၁၂ တန်းအထိ ပြီးမြောက်အောင်မြင်နေရပါမည်။ ၁၂ တန်းအထိ မတက်ခဲ့လျှင် “တက္ကသိုလ်ပြင်ဆင်တန်း”ကို တက်ရောက်အောင်မြင်ရန်လိုအပ်ပါသည်။ ဘွဲ့လွန်တက္ကသိုလ်အတွက် တက္ကသိုလ်မှဘွဲ့ရသူဖြစ်ရပါမည်။

ဂျပန်နိုင်ငံ၏ အဆင့်မြင့်ပညာရေးကျောင်းအများစုသည် ဂျပန်စာဖြင့်သင်ကြားပါသည်။ (တစ်ချို့ အင်္ဂလိပ်စာဖြင့်သင်သည့်ကျောင်းလည်းရှိသည်) ထို့ကြောင့်ဂျပန်နိုင်ငံတွင် ပညာသင်ယူရန်အတွက် ဂျပန်စာကျွမ်းကျင်မှုလိုအပ်ပါသည်။ အဆင့်မြင့်ပညာရေးကျောင်းကို မဝင်ခင် ပထမဂျပန်ဘာသာစကားသင်တန်းကျောင်းတွင် ဂျပန်စာကို ( (၆)လမှ (၂)နှစ်အထိ) သင်ယူပြီးမှ တက်ရောက်ကြပါသည်။ ဂျပန်စကားကျွမ်းကျင်သူဖြစ်လျှင် ဂျပန်ဘာသာစကားသင်တန်းကျောင်းကို မတက်ဘဲတိုက်ရိုက်အဆင့်မြင့်ပညာရေးကျောင်းကို တက်ရောက်သင်ယူနိုင်ပါသည်။ သတ်မှတ်ထားသည့် ဂျပန်စာကျွမ်းကျင်မှုသည် မတူညီသောကြောင့် ကျောင်းကို ဆက်သွယ်စုံစမ်းပါ။

ဂျပန်စာကျွမ်းကျင်မှုကို အကဲဖြတ်သည့်စာမေးပွဲအနေဖြင့် **ဂျပန်ဘာသာစကားအရည်အချင်းစစ်စာမေးပွဲ**ရှိပါသည်။ တက္ကသိုလ်ဝင်ခွင့်စာမေးပွဲအတွက် **ဂျပန်တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ**ရှိပါသည်။ ထို့အပြင် အလုပ်ခွင်တွင် လိုအပ်သည့် ဂျပန်စာ ကျွမ်းကျင်မှုကို အကဲဖြတ်သည့် **BJTလုပ်ငန်းသုံးဂျပန်စာအရည်အချင်းစစ်စာမေးပွဲ**လည်းရှိပါသည်။

(၁) ဂျပန်ဘာသာစကားအရည်အချင်းစစ်စာမေးပွဲ(JLPT)

ဂျပန်လူမျိုးမဟုတ်သူ၏ ဂျပန်စာကျွမ်းကျင်မှုကို အကဲဖြတ်ရန်အတွက် ဂျပန်ဘာသာစကားအရည်အချင်းစစ်စာမေးပွဲကို ဂျပန်နိုင်ငံအတွင်းတွင် ဂျပန်ပညာရေးဖလှယ်ခြင်းနှင့်ဝန်ဆောင်မှုအသင်းက ပြည်ပနိုင်ငံများတွင် ဂျပန်ဖောင်ဒေးရှင်းက စာမေးပွဲကိုကျင်းပနေပါသည်။ ဂျပန်နိုင်ငံအတွင်းရော ပြည်ပနိုင်ငံတွင်ပါ တစ်နှစ်မှာ နှစ်ကြိမ် ဇွန်လနှင့် ဒီဇင်ဘာလမှာ ကျင်းပလေ့ရှိပါသည်။ စာမေးပွဲကျင်းပမည့်နေရာကို JLPT၏ ဝက်ဆိုက်တွင် လေ့လာနိုင်ပါသည်။


(၂) ဂျပန်တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ (EJU)

ဂျပန်နိုင်ငံရှိတက္ကသိုလ်ကို ဝင်ခွင့်ပြုမပြုဆုံးဖြတ်သည့်စာမေးပွဲတစ်ခုအနေဖြင့် ဂျပန်ကျောင်းသားများထောက်ပံ့ရေးအသင်းက ဂျပန်တက္ကသိုလ်ဝင်ခွင့်စာမေးပွဲကိုကျင်းပနေပါသည်။ မူအားဖြင့် ဂျပန်နိုင်ငံကို မလာခင် ဝင်ခွင့်ပြုနိုင်ရန်အတွက် ရည်ရွယ်ထားပြီး တစ်နှစ်မှာ နှစ်ကြိမ် ဇွန်လနှင့် နိုဝင်ဘာလမှာ ဂျပန်နိုင်ငံအတွင်းရော ပြည်ပနိုင်ငံမှာပါ ကျင်းပလေ့ရှိပါသည်။ စစ်ဆေးမည့် ဘာသာများသည် ဂျပန်စာ၊ သင်္ချာ၊ သိပ္ပံ (ရူပ၊ ဓာတု၊ ဇီဝမှ (၂) ဘာသာ)၊ ဝိဇ္ဇာတို့ဖြစ်ပါသည်။ စာမေးပွဲကျင်းပမည့်နေရာကို EJU၏ ဝက်ဆိုက်တွင် လေ့လာနိုင်ပါသည်။


(၃) BJTလုပ်ငန်းသုံးဂျပန်စာအရည်အချင်းစစ်စာမေးပွဲ

BJTလုပ်ငန်းသုံးဂျပန်စာအရည်အချင်းစစ်စာမေးပွဲသည် မိခင်ဘာသာစကားက ဂျပန်စကားမဟုတ်ဘဲ ဂျပန်စကားကို လုပ်ငန်းခွင်တွင် အသုံးပြုရန် သင်ယူနေသူများအတွက်ဖြစ်ပါသည်။ လုပ်ငန်းခွင်တွင်ကြုံတွေ့တတ်သည့်အခြေအနေတွင် ဂျပန်စကားပြောဆို ဆက်ဆံနိုင်စွမ်းကို အကဲဖြတ်သည့်စာမေးပွဲဖြစ်ပါသည်။ ဂျပန်ခန်းဂျီးကျွမ်းကျင်မှုစာမေးပွဲအသင်း ဂျပန်နိုင်ငံအတွင်းရော ပြည်ပနိုင်ငံများပါ ကွန်ပျူတာကိုသုံးပြီးဖြေဆိုသည့်စာမေးပွဲကို အခါအားလျော်စွာ ကျင်းပနေပါသည်။ စာမေးပွဲတွင် ဖတ်နိုင်စွမ်း၊ နားထောင်နိုင်စွမ်း၊ နားထောင်ပြီးဖတ်နိုင်စွမ်းကိုစစ်ဆေးပါသည်။

စာမေးပွဲအောင်မအောင် ဆုံးဖြတ်ခြင်းမဟုတ်ဘဲ အမှတ်ကို သုည မှ ၈၀၀ အထိပေးပြီး J5 မှ J1+ အထိ အဆင့် (၆) ဆင့်ဖြင့် ကျွမ်းကျင်မှုကို အသိအမှတ်ပြုပေးပါသည်။



သတ်မှတ်ထားသည့်ပညာအရည်အချင်းအပြင် ဂျပန်နိုင်ငံမှာပညာသင်ယူနေစဉ် ကုန်ကျသွားမည့်ကျောင်းစရိတ်နှင့် နေထိုင်စရိတ်ကို ပေးချေနိုင်ခြေရှိမရှိ၊ ပညာတော်သင်ဆုရမရ အစရှိသောကုန်ကျစရိတ်ပေးချေနိုင်စွမ်းရှိရန်လည်း လိုအပ်ပါသည်။




## 04 ▶ ပညာသင်စရိတ် ဘယ်လောက်ကုန်ကျနိုင်သလဲ။

ဂျပန်နိုင်ငံ၏ တက္ကသိုလ်၊ ဂျူနီယာကောလိပ်၊ အထူးပြုသင်တန်းကောလိပ်တွင် ပညာသင်ယူရန် ပျမ်းမျှကုန်ကျမည့်စရိတ်ကို ကျောင်းအမျိုးအစားအလိုက် အောက်ပါဇယားတွင် ဖော်ပြပေးထားပါသည်။ ကုန်ကျစရိတ်တွင် ပထမနှစ်မှာ ပေးသွင်းရမည့်စရိတ်ဖြစ်ပြီး ကျောင်းဝင်ကြေး၊ ပညာသင်ကြေး၊ အဆောက်အဦးအသုံးပြုခတို့ပါဝင်ပြီး ဒုတိယနှစ်မှ ကျောင်းဝင်ကြေး ပေးသွင်းစရာ မလိုအပ်ပါ။

ခန့်မှန်းကုန်ကျစရိတ်ဖြစ်သောကြောင့် တက်ရောက်လိုသည့်ကျောင်း၏ ကုန်ကျစရိတ်ကို သီးသန့်စုံစမ်းလေ့လာရပါမည်။

| | ကျောင်း | ပညာရပ်နယ်ပယ် | ပထမနှစ် ကုန်ကျစရိတ် |
|---|---|---|---|
| ① | ပုဂ္ဂလိကတက္ကသိုလ် | သိပ္ပံ | ယန်း ၁၅.၃ သိန်း (ဆေးဘက်နှင့် ၊သွားဘက်ဆိုင်ရာကျောင်းမပါ) |
| | | ဝိဇ္ဇာ | ယန်း ၁၁.၉ သိန်း |
| ② | ပုဂ္ဂလိကဂျူနီယာကောလိပ် | ဘယ်ပညာရပ်မဆို | ယန်း ၁၁.၃ သိန်း |
| ③ | အထူးပြုသင်တန်းကောလိပ် | စက်မှု | ယန်း ၁၃ သိန်း |
| | | စီးပွားရေး | ယန်း ၁၁.၇ သိန်း |
| | | ဖက်ရှင် ဒီဇိုင်း | ယန်း ၁၁.၃ သိန်း |
| | | ယဉ်ကျေးမှု အနုပညာ | ယန်း ၁၂.၃ သိန်း |
| ④ | ဂျပန်စာသင်တန်းကျောင်း | ဂျပန်စာ | ယန်း ၇.၇ သိန်း |

(ကုန်ကျစရိတ် (၁)နှင့်(၂)သည် ပညာရေးဝန်ကြီးဌာန ၂၀၂၃ခုနှစ်စစ်တမ်းအရ၊ (၃)သည် တိုကျိုခရိုင်အထူးပြုသင်တန်းကောလိပ် အထွေထွေကျောင်းများအသင်း၂၀၂၃ခုနှစ် စစ်တမ်းအရ၊ (၄)သည် ဂျပန်စကားသင်ကြားခြင်းမြှင့်တင်ရေးအသင်း စစ်တမ်းအရ)

## 05 ▶ နေထိုင်ခွင့်ဆိုသည်မှာ ဘာလဲ။ ဂျပန်နိုင်ငံတွင် ပညာသင်ရန် ဘာဗီဇာလိုအပ်သလဲ။

နေထိုင်ခွင့်သည် ဂျပန်နိုင်ငံတွင်ပြုလုပ်နိုင်သည့်လှုပ်ရှားမှုကိုသတ်မှတ်ပြီး နေထိုင်ခွင့်ပြုသည့်ခွင့်ပြုချက်ဖြစ်ပါသည်။ ဂျပန်နိုင်ငံတွင် ပညာသင်ယူသည့်အခါ နေထိုင်ခွင့်အမျိုးအစား "ကျောင်းသား"ဖြင့် နေထိုင်ရပါမည်။

| နေထိုင်ခွင့် | အကြောင်းအရာ |
|---|---|
| **ကျောင်းသား** | ဘွဲ့လွန်တက္ကသိုလ်၊ တက္ကသိုလ်၊ ဂျူနီယာကောလိပ်၊ နည်းပညာကောလိပ်၊ အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်း အထူးပြုသင်တန်းကောလိပ်၊ တက္ကသိုလ်နှင့် ဂျူနီယာကောလိပ်၏ နိုင်ငံခြားကျောင်းသားအထူးသင်တန်း၊ အထွေထွေကျောင်း၏ တက္ကသိုလ်ပြင်ဆင်တန်းနှင့် ဂျပန်စာသင်တန်းကျောင်းအစရှိသော ဂျပန်စာသင်တန်းကျောင်းတွင် တက်ရောက်ပညာသင်သည့်အခါ ခွင့်ပြုပေးသည့် နေထိုင်ခွင့်<br>နေထိုင်ခွင့်သက်တမ်း　တရားရေးဝန်ကြီးမှတစ်ဦးချင်းအလိုက်သတ်မှတ်မည့်ကာလ (၄နှစ်နှင့်၃လထက်မကျော်စေရ) |

ဂျပန်နိုင်ငံတွင် ပညာသင်သည့်အခါ ဒေသဆိုင်ရာလူဝင်မှုကြီးကြပ်ရေးရုံးမှ ကြိုတင်နေထိုင်ခွင့်အသိအမှတ်ပြု ထောက်ခံစာကို ရရှိထားလျှင် အချိန်အတိုအတွင်း ဗီဇာကိုထုတ်ပေးပါသည်။ နေထိုင်ခွင့်အသိအမှတ်ပြုထောက်ခံစာကို ကာယကံရှင်ကိုယ်တိုင် (သို့) (ကျောင်းဝန်ထမ်းအစရှိသော)ကိုယ်စားလှယ်မှတစ်ဆင့် ဒေသဆိုင်ရာလူဝင်မှုကြီးကြပ်ရေးရုံးတွင် လျှောက်နိုင်ပါသည်။

※　နေထိုင်ခွင့်သက်တမ်း(၃)လပဲရှိသော နေထိုင်ခွင့်"ကျောင်းသား"သည် မူအားဖြင့် တက္ကသိုလ်နှင့် အထက်တန်းကျောင်းတို့၏ ကျောင်းသား ဖလှယ်ရေးအစီအစဉ်အတွက်သာ ထုတ်ပေးလေ့ရှိပြီး ဂျပန်စာသင်တန်းကျောင်းမှာ ပညာသင်ယူသည့်အခါ ပုံမှန် ထုတ်ပေးသည့် နေထိုင်ခွင့်သက်တမ်းသည့် (၆)လမှအထက်ဖြစ်ပါသည်။

※　လိုအပ်ချက်အလိုက် ဂျပန်နိုင်ငံကို ဝင်ရောက်ပြီးမှ နေထိုင်ခွင့်ကာလကို သက်တမ်းတိုးနိုင်ပါသည်။ (စာမျက်နှာ ၁၂ 09(၁)ကို လေ့လာရန်)

# ။ ဘယ်ကျောင်းတွင် ပညာသင်ကြားမှာလဲ။။။

ဂျပန်နိုင်ငံတွင် ဘယ်ကျောင်းမှာ ဘယ်ပညာရပ်ကို သင်ယူလေ့လာမှာလဲ။ ဤအချက်သည် ဂျပန်နိုင်ငံတွင် ပညာသင်ယူခြင်းကို အဓိပ္ပါယ်ရှိစေရန်အတွက် အရေးကြီးသည့် အချက်တစ်ချက်ဖြစ်ပါသည်။ ဒီအပိုင်းတွင် ကျောင်းအမျိုးအစားအလိုက် ထူးခြားချက်နှင့် ဝင်ခွင့်အကြောင်းကို ရှင်းပြပါမည်။

## 01 ▶ ဂျပန်စာသင်တန်းကျောင်းဆိုသည်မှာ ဘယ်လိုကျောင်းမျိုးဖြစ်သလဲ။

ဘွဲ့လွန်တက္ကသိုလ်၊ တက္ကသိုလ်၊ ဂျူနီယာကောလိပ်၊ နည်းပညာကောလိပ်၊ အထူးပြုသင်တန်းကောလိပ်တို့ မတက်ခင် ဂျပန်စကားကို သင်ယူလေ့လာမယ့်ကျောင်းဖြစ်ပါသည်။ ဂျပန်စာသင်တန်းကျောင်းမှာ အောက်ပါ အမျိုးအစားများရှိပါသည်။ ဂျပန်စာသင်တန်းကျောင်းကိုတက်ရောက်ပြီး နေထိုင်ခွင့်အမျိုးအစား “ကျောင်းသား” ဖြင့် သင်ယူရန်အတွက် **အသိအမှတ်ပြုဂျပန်စာသင်တန်းကျောင်း ※ သို့မဟုတ် တရားရေးဝန်ကြီးဌာနမှ ထုတ်ပြန်ကြေညာထားသော ဂျပန်စာသင်တန်းကျောင်းကို တက်ရောက်ရန်လိုအပ်**သောကြောင့် သတိထားရပါမည်။ (တက္ကသိုလ်၊ ဂျူနီယာကောလိပ်တို့၏ တက္ကသိုလ်ပြင်ဆင်တန်းမှလွဲ၍)။

※ အသိအမှတ်ပြုဂျပန်စာသင်တန်းကျောင်းဆိုသည်မှာ ဂျပန်စာသင်ကြားရေးကို စနစ်တကျ နည်းလမ်းမှန် သင်ကြားပေးနိုင်ရန်အတွက် ဂျပန်စာသင်တန်းကျောင်းအသိအမှတ်ပြုခြင်းဆိုင်ရာဥပဒေ (၂၀၂၃ ခုနှစ် ဥပဒေအမှတ် ၄၁)သည် ၂၀၂၄ခုနှစ် ၄ လ ၁ရက်နေ့မှစတင်၍ အာဏာတည်ခဲ့ပါသည်။ သို့သော်လည်း အာဏာတည်ပြီး ၅ နှစ်အတွင်း အကူးအပြောင်းကာလရှိပါသည်။
ဂျပန်စာသင်တန်းကျောင်းအသိအမှတ်ပြုခြင်းဆိုင်ရာဥပဒေ ဝက်ဘ်ဆိုက် https://www.nihongokyouiku.mext.go.jp/top

| အမျိုးအစား | အကြောင်းအရာ |
|---|---|
| **အထူးပြုသင်တန်းကောလိပ်၏ ဂျပန်စာသင်တန်း** | အထူးပြုသင်တန်းကောလိပ်၏ ဂျပန်စာသင်တန်း<br>ပညာသင်ကာလ (၁) နှစ်မှ (၂) နှစ်အထိ |
| **အထွေထွေကျောင်း၏ ဂျပန်စာသင်တန်းကျောင်း** | အထွေထွေကျောင်းအဖြစ်အသိအမှတ်ပြုထားသော ဂျပန်စာသင်တန်းကျောင်း<br>ပညာသင်ကာလ (၆) လမှ (၂) နှစ်အထိ |
| **အထွေထွေကျောင်း မဟုတ်သော ဂျပန်စာသင်တန်းကျောင်း** | ကုမ္ပဏီ၊ အသင်းအဖွဲ့၊ ပုဂ္ဂလိကမှစီမံခန့်ခွဲသည့်ဂျပန်စာသင်တန်းကျောင်း<br>ကာလတိုသင်တန်းမှ တက္ကသိုလ်တက်ရန်အတွက်အထူးသင်တန်းအထိရှိသည်။<br>ပညာသင်ကာလ (၆) လမှ (၂) နှစ်အထိ |
| **တက္ကသိုလ်ပြင်ဆင်တန်း** | အလယ်အဆင့်ပညာရေးပြီးမြောက်ရန် ၁၂ နှစ်ကြာ ကျောင်းတက်ရန်မလိုသောနိုင်ငံ၏ ကျောင်းသားက တက္ကသိုလ်ဝင်ခွင့်စာမေးပွဲဖြေဆိုခွင့်ရအောင် ပညာရေးနှင့်သိပ္ပံဝန်ကြီးမှ သတ်မှတ်သည့် တက္ကသိုလ်ပြင်ဆင်တန်း။ ဂျပန်စာအပြင် ဂျပန်ယဉ်ကျေးမှု၊ တက္ကသိုလ်ဆက်တက်ရန်အခြေခံဘာသာရပ်များကို သင်သည်။ ပညာသင်ကာလ (၁) နှစ်မှ (၂) နှစ်။ |
| **တက္ကသိုလ်၊ ဂျူနီယာကောလိပ်၏ နိုင်ငံခြားကျောင်းသား အထူးသင်တန်း** | တက္ကသိုလ်၊ ဂျူနီယာကောလိပ်တွင်ရှိသော နိုင်ငံခြားသားများအတွက် အထူးသင်တန်း။ ဂျပန်စာအပြင် ဂျပန်ယဉ်ကျေးမှု၊ တက္ကသိုလ်ဆက်တက်ရန်အခြေခံဘာသာရပ်များကိုသင်သည်။ ပညာသင်ကာလ (၁) နှစ် |

ဂျပန်စာသင်တန်းကျောင်းကိုတက်ရောက်ရန်လိုအပ်သည့် သတ်မှတ်ချက်များသည် ကျောင်းပညာ ၁၂ တန်းအထိပြီးမြောက် အောင်မြင်ခြင်းရှိမရှိ၊ (သို့) ၎င်းတို့နှင့် တန်းတူပညာအရည်အချင်းရှိသူဖြစ်ရမည်။ ကျောင်းဝင်ခွင့်စစ်ဆေးသည့်အခါ စာရွက်စာတမ်းစစ်ဆေးခြင်းအပြင် အင်တာဗျူးကိုလည်း ပြုလုပ်ပါသည်။ ကျောင်းတက်ရောက်ရန်အတွက်လိုအပ်သည့် ဂျပန်စာ အရည်အချင်းသည် အောက်ပါသတ်မှတ်ချက်တစ်ခုခုနှင့်ကိုက်ညီရပါမည်။

| | |
|---|---|
| ၁ | ဂျပန်စာအရည်အချင်းစစ်စာမေးပွဲ JLPT N5နှင့်အထက်အောင်သူ |
| ၂ | BJTလုပ်ငန်းသုံးဂျပန်စာစာမေးပွဲ၊ JLRTအကြားအဖတ်စာမေးပွဲ အမှတ် ၃၀၀ ကျော်ရရှိထားသူ |
| ၃ | JTESTလက်တွေ့ဂျပန်စာစာမေးပွဲ F အဆင့် သို့ FG အဆင့်စာမေးပွဲ အမှတ် ၂၅၀ကျော်ရရှိထားသူ |
| ၄ | NAT-TEST N5 (ယခင် N4) နှင့်အထက်အောင်သူ |
| ၅ | STBJ ပုံမှန်လုပ်ငန်းသုံးဂျပန်စာစာမေးပွဲ အမှတ် ၃၅၀ကျော်ရရှိထားသူ |
| ၆ | TOPJ လက်တွေ့ဂျပန်စာကျွမ်းကျင်မှုစာမေးပွဲအခြေခံ A အဆင့်နှင့်အထက်ရှိသူ |
| ၇ | J-cert နေစဉ်သုံး လုပ်ငန်းသုံးဂျပန်စာစာမေးပွဲ အခြေခံအဆင့်နှင့်အထက်ရှိသူ |
| ၈ | JLCT နိုင်ငံခြားသားဂျပန်စာအရည်အချင်းစစ်စာမေးပွဲ JCT5 နှင့်အထက်ရှိသူ |
| ၉ | လက်တွေ့ဂျပန်စာဆက်ဆံပြောဆိုမှုစာမေးပွဲ PJC Bridge အဆင့် C နှင့်အထက်ရှိသူ |
| ၁၀ | JPTဂျပန်စာအရည်အချင်းစစ်စာမေးပွဲ အမှတ် ၃၁၅ကျော်ရှိသူ |

## 02 ▶ ဘွဲ့လွန်တက္ကသိုလ်ကိုတက်ရန်လိုအပ်သောအရည်အချင်း ဘယ်လိုရှိသလဲ။

ဂျပန်နိုင်ငံရှိ ဘွဲ့လွန်တက္ကသိုလ်တွင် မဟာတန်းနှင့် ပါရဂူတန်းရှိပြီး၊ ပညာရှင်ဘွဲ့လွန်ကျောင်းတွင်မူ ပညာရှင်ဘွဲ့လွန်သင်တန်းရှိပါသည်။ မဟာတန်းတက်ရောက်ရန် တက္ကသိုလ်ဘွဲ့ရသူ၊ ထို့သူနှင့်ညီမျှသောပညာအရည်အချင်းရှိသည်ဟုအသိအမှတ်ပြုခြင်းခံရသူ၊ (သို့) နိုင်ငံခြားတွင်ကျောင်းပညာ ၁၆ နှစ်သင်ယူပြီးမြောက်ထားသူဖြစ်ရမည်။ ဂျပန်နိုင်ငံတွင်ရှိ အထူးပြုသင်တန်းကျောင်း၏ (၄) နှစ်သင်တန်းကို ပြီးမြောက်ပြီး ”အဆင့်မြင့်ဒီပလိုမာ” ရရှိသူသည် ဘွဲ့လွန်ကျောင်းဝင်ခွင့်စာမေးပွဲဖြေဆိုခွင့်ရှိသည်။ ပါရဂူတန်း တက်ရောက်ရန် မဟာဘွဲ့ရသူ၊ ကျောင်းမှကျင်းပသည့်ဝင်ခွင့်စာမေးပွဲတွင် လိုအပ်သောပညာအရည်အချင်းရှိသည်ဟု အသိအမှတ်ပြုခြင်းခံရသည့် အသက် ၂၂ နှင့်အထက်ရှိသူ၊ နိုင်ငံခြားတွင် မဟာဘွဲ့နှင့်ညီမျှသောဘွဲ့ရရှိထားသူဖြစ်ရမည်။

## 03 ▶ တက္ကသိုလ်ကိုတက်ရန် လိုအပ်သောအရည်အချင်း ဘယ်လိုရှိသလဲ။

တက္ကသိုလ်၊ ပညာရှင်တက္ကသိုလ်ကိုတက်ရောက်ရန် ကျောင်းပညာရေး ၁၂ နှစ်တက်ရောက်ပြီးမြောက်ထားသူဖြစ်ရမည်။ ပညာသင်နှစ် ၁၂ မပြည့်ပါက သတ်မှတ်ထားသောတက္ကသိုလ်ပြင်ဆင်တန်း (သို့) သတ်မှတ်ထားသောသင်တန်းကျောင်း၏ သင်တန်းတက်ရောက်ပြီးမြောက်ထားသူ၊ တက္ကသိုလ်မှကျင်းပသည့်ဝင်ခွင့်စာမေးပွဲတွင် ပညာသင်နှစ် ၁၂ နှစ်ပြီးမြောက်ထားသူနှင့်ညီမျှသောအရည်အချင်းရှိသူဟု အသိအမှတ်ပြုခြင်းခံရသည့် အသက် ၁၈ နှစ်နှင့်အထက်ရှိသူ၊ ပညာရေးဝန်ကြီးမှ သီးခြားသတ်မှတ်သည့်နိုင်ငံများတွင် ပညာသင်နှစ် ၁၁ နှစ် တက်ရောက်ပြီးမြောက်ထားသူကိုလည်း အထက်တန်းကျောင်းအောင်သူနှင့်ညီမျှသည်ဟုယူဆပြီး ဝင်ခွင့်စာမေးပွဲဖြေဆိုခွင့်ပေးပါသည်။ ဂျပန်နိုင်ငံတွင်ရှိ တက္ကသိုလ်များသည် တက္ကသိုလ်အလိုက်ဝင်ခွင့်စာမေးပွဲကို ကျင်းပပါသည်။ နိုင်ငံခြားကျောင်းသားများအတွက် သီးသန့်ဝင်ခွင့်စာမေးပွဲကျင်းပသည့် တက္ကသိုလ်လည်းရှိပါသည်။

ထို့အပြင် ဂျပန်တက္ကသိုလ်ဝင်ခွင့်စာမေးပွဲဖြင့် ဝင်ခွင့်ပြုမပြုကိုဆုံးဖြတ်သည့်တက္ကသိုလ်လည်းရှိပါသည်။

တက္ကသိုလ်၏ပညာသင်ကာလသည် (၄)နှစ် (ဆေးတက္ကသိုလ်သည် (၆) နှစ်) ဖြစ်ပြီး ပြီးမြောက်အောင်မြင်သည့်အခါ ဘွဲ့ပေးအပ်ခြင်းခံရပါသည်။

## 04 ▶ ဂျူနီယာကောလိပ်ကိုတက်ရန်လိုအပ်သောအရည်အချင်းဘယ်လိုရှိသလဲ။

ဂျူနီယာကောလိပ်၊ ပညာရှင်ဂျူနီယာကောလိပ်ကိုတက်ရောက်ရန် တက္ကသိုလ်နှင့်အလားတူ ကျောင်းပညာရေး ၁၂ နှစ်တက်ရောက်ပြီး မြောက်ထားသူဖြစ်ရမည်။ ပညာသင်နှစ် ၁၂ နှစ်မပြည့်ပါက သတ်မှတ်ထားသောတက္ကသိုလ်ပြင်ဆင်တန်း (သို့) သတ်မှတ်ထားသောသင်တန်းကျောင်း၏ သင်တန်းတက်ရောက်ပြီးမြောက်ထားသူ၊ ဂျူနီယာကောလိပ်မှကျင်းပသည့် ဝင်ခွင့်စာမေးပွဲတွင် ပညာသင်နှစ် ၁၂ နှစ်ပြီးမြောက်ထားသူနှင့်ညီမျှသောအရည်အချင်းရှိသူဟု အသိအမှတ်ပြုခြင်းခံရသည့် အသက် ၁၈နှစ်နှင့်အထက်ရှိသူ၊ ပညာရေးဝန်ကြီးမှ သီးခြားသတ်မှတ်သည့်နိုင်ငံများတွင် ပညာသင်နှစ် ၁၁နှစ်တက်ရောက်ပြီးမြောက်ထားသူကိုလည်း အထက်တန်းကျောင်းအောင်သူနှင့်ညီမျှသည်ဟုယူဆပြီး ဝင်ခွင့်စာမေးပွဲဖြေဆိုခွင့်ပေးပါသည်။ ဝင်ခွင့်စာမေးပွဲသည် တက္ကသိုလ်နှင့်အလားတူ စီစဉ်ကျင်းပပါသည်။

ဂျူနီယာကောလိပ်၏ ပညာသင်ကာလသည် (၂) နှစ် (အချို့ဂျူနီယာကောလိပ်တွင် (၃)နှစ်) ဖြစ်ပြီး ပြီးမြောက်အောင်မြင်သည့်အခါ တွဲဖက်ဘွဲ့ပေးအပ်ခြင်းခံရပါသည်။

## 05 ▶ နည်းပညာကောလိပ်ကိုတက်ရန်လိုအပ်သောအရည်အချင်းဘယ်လိုရှိသလဲ။

တက်ရောက်ပညာသင်ယူရန် လိုအပ်သောအရည်အချင်းသည် တက္ကသိုလ်နှင့် ဂျူနီယာကောလိပ်တို့နှင့်အလားတူဖြစ်ပါသည်။ သို့သော် မိမိစရိတ်ဖြင့်တက်ရောက်နေသည့်နိုင်ငံခြားသားကျောင်းသားများကိုလက်ခံခြင်းသိပ်မရှိပါ။
နည်းပညာကောလိပ်၏ ပညာသင်ကာလသည် (အလယ်တန်းကျောင်းပြီးမြောက်ထားသူအတွက်) (၅)နှစ်ဖြစ်သော်လည်း ဂျပန်နိုင်ငံတွင်ပညာသင်နှစ်၁၁နှစ်ပြီးမြောက်ထားသူ(အထက်တန်းကျောင်းဒုတိယတန်း)ကိုနည်းပညာကောလိပ်တတိယတန်းသို့ ကျောင်းပြောင်းတက်ရောက်ခွင့်ပြုပေးနေပါသည်။ ပြီးမြောက်အောင်မြင်သည့်အခါ တွဲဖက်ဘွဲ့ပေးအပ်ခြင်းခံရပါသည်။

## 06 ▶ အထူးပြုသင်တန်းကောလိပ်ကိုတက်ရောက်ရန် လိုအပ်သောအရည်အချင်း ဘယ်လိုရှိသလဲ။

ဂျပန်နိုင်ငံတွင်“ဆန်းမွန်”ကျောင်းဟုခေါ်ဆိုသည့်ကျောင်းဖြစ်ပါသည်။ ပညာသင်ကာလသည်ပညာရပ်အလိုက်(၁)နှစ်မှ (၄) နှစ် အထိ ရှိပြီးအများဆုံးက(၂)နှစ်ဖြစ်ပါသည်။ ပညာရေးနှင့်သိပ္ပံဝန်ကြီးဌာနမှအသိအမှတ်ပြုထားသော (၂)နှစ် (သို့) (၃)နှစ် သင်တန်းပြီးမြောက်ထားသူကို ဒီပလိုမာပေးအပ်ပါသည်။ (၄)နှစ် သင်တန်းပြီးမြောက်သူအတွက်မူ အဆင့်မြင့်ဒီပလိုမာကိုပေးအပ်ပါသည်။ အထူးပြုသင်တန်းကောလိပ်တွင် အသက်မွေးဝမ်းကြောင်းနှင့် စားဝတ်နေရေးအတွက်လိုအပ်သည့်နည်းပညာနှင့်ဗဟုသုတကို သင်ယူရန်ရည်ရွယ်ထားပါသည်။

ပညာရပ်များသည် စက်မှု၊ စိုက်ပျိုးရေး၊ ဆေးဝါး၊ ကျန်းမာရေး၊ ပညာရေး၊ ပြုစုစောင့်ရှောက်ရေး၊ စီးပွားရေး၊ ဖက်ရှင်၊ အိမ်တွင်းမှု၊ ယဉ်ကျေးမှု၊ ဝိဇ္ဇာဟု ပညာရပ် (၈)မျိုးရှိပါသည်။

အထူးပြုသင်တန်းကောလိပ်ကိုတက်ရောက်ရန် ကျောင်းပညာရေး ၁၂ နှစ်တက်ရောက်ပြီးမြောက်ထားသူဖြစ်ရမည်။ ပညာသင်နှစ် ၁၂ နှစ်မပြည့်ပါက သတ်မှတ်ထားသောတက္ကသိုလ်ပြင်ဆင်တန်း (သို့) သတ်မှတ်ထားသောသင်တန်းကျောင်း၏ သင်တန်းတက်ရောက်ပြီးမြောက်ထားသူ၊ အထူးပြုသင်တန်းကောလိပ်မှကျင်းပသည့် ဝင်ခွင့်စာမေးပွဲတွင် ပညာသင်နှစ် ၁၂ နှစ် ပြီးမြောက်ထားသူနှင့်ညီမျှသောအရည်အချင်းရှိသူဟု အသိအမှတ်ပြုခြင်းခံရသည့် အသက် ၁၈နှစ်နှင့်အထက်ရှိသူ၊ ပညာရေးနှင့် သိပ္ပံဝန်ကြီးမှ သတ်မှတ်ခွင့်ပြုသည့်နိုင်ငံများတွင် ပညာသင်နှစ် ၁၁ နှစ် တက်ရောက်ပြီးမြောက်ထားသူကိုလည်း အထက်တန်း ကျောင်းအောင် သူနှင့်ညီမျှသည်ဟုယူဆပြီး ဝင်ခွင့်စာမေးပွဲဖြေဆိုခွင့်ပေးပါသည်။ အထူးပြုသင်တန်းကောလိပ်၏ ဝင်ခွင့်စာမေးပွဲသည် လျှောက်လွှာစစ်ဆေးခြင်းအပြင် ဂျပန်စာ၊ နှုတ်ဖြေစာမေးပွဲအစရှိသောစာမေးပွဲကိုဖြေဆိုခိုင်းပါသည်။

ထို့အပြင်အထူးပြုသင်တန်းကောလိပ်ကိုတက်ရောက်ရန် အထက်ပါသတ်မှတ်ချက်အပြင် အောက်ပါဂျပန်စာအရည်အချင်းတစ်မျိုးမျိုးနှင့်ကိုက်ညီရပါမည်။

| | |
|---|---|
| 1 | ဂျပန်စာအရည်အချင်းစစ်စာမေးပွဲ N1 သို့ N2 အောင်ထားသူ |
| 2 | ဂျပန်တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ၏ ဂျပန်စာဘာသာရပ်များစုစုပေါင်း အမှတ် ၂၀၀ကျော်ရရှိထားသူ |
| 3 | ဂျပန်ခန်းဂျိကျွမ်းကျင်မှုစာမေးပွဲအသင်းက ကျင်းပသည့် BJTလုပ်ငန်းသုံးဂျပန်စာစာမေးပွဲ၊ JLRTအကြားအဖတ်စာမေးပွဲ (ရေးဖြေစာမေးပွဲ) အမှတ် ၄၀၀ ကျော်ရရှိထားသူ |
| 4 | အသိအမှတ်ပြုဂျပန်စာသင်တန်းကျောင်း သို့မဟုတ် တရားရေးဝန်ကြီးဌာနမှ ကြေညာထားသည့် ဂျပန်စာသင်တန်းကျောင်းများတွင် (၁)နှစ်ကျော် ဂျပန်စာသင်တန်းတက်ရောက် သူဖြစ်ပြီး ဝင်ခွင့်စာမေးပွဲကို ကျင်းပသည့်ကျောင်းတွင် ဂျပန်စာစာမေးပွဲကို ကျင်းပပြီး ဂျပန်စာအရည်အချင်းစစ်စာမေးပွဲ N2 နှင့် အထက် အရည်အချင်းရှိသူဟု စစ်ဆေးတွေ့ရှိသူ |
| 5 | ဂျပန်နိုင်ငံ၏ မူလတန်း၊ အလယ်တန်း အထက်တန်းကျောင်းတွင် (၁)နှစ်ကျော် ပညာသင်ယူခဲ့ဘူးသူဖြစ်ပြီး ဝင်ခွင့်စာမေးပွဲကို ကျင်းပသည့်ကျောင်းတွင် ဂျပန်စာစာမေးပွဲကို ကျင်းပပြီး ဂျပန်စာအရည်အချင်းစစ်စာမေးပွဲ N2 နှင့်အထက် အရည်အချင်းရှိသူဟု စစ်ဆေးတွေ့ရှိသူ |

## 07 ▶ ပညာသင်ဆုစနစ်ရှိပါသလား။

ဂျပန်နိုင်ငံကျောင်းသားများထောက်ပံ့ရေးအသင်းသည် ထူးချွန်ထက်မြက်၊ အကျင့်စာရိတ္တကောင်းမွန်ပြီး ဂျပန်နိုင်ငံတွင်ပညာသင်ခြင်းဆိုင်ရာ အစီရင်ခံစာ(အတွေ့အကြုံ)ကို တင်သွင်းပြီး စီးပွားရေးဝင်ငွေသတ်မှတ်ချက်အစရှိသော သတ်မှတ်ချက်များနှင့် ကိုက်ညီသော နိုင်ငံခြားကျောင်းသားများအတွက် Monbukagakusho Honors Scholarship for Privately-Financed International Studentsဟုခေါ်သောပညာသင်ဆုကိုစီစဉ်ထုတ်ပေးနေပါသည်။

ထို့အပြင် ဂျပန်တက္ကသိုလ်ဝင်ခွင့်စာမေးပွဲဖြေဆိုပြီး ရမှတ်ထူးချွန်ကာ ဂျပန်နိုင်ငံကိုမလာခင် တက္ကသိုလ်မှ ဝင်ခွင့်ပြုသူသည် ဤပညာသင်ဆုစနစ်ကို ကြိုတင်စာရင်းသွင်းနိုင်ပါသည်။ ထို့အပြင် ဒေသအစိုးရ၊ ပုဂ္ဂလိကအသင်းမှ နိုင်ငံခြားကျောင်းသားများအတွက် ပညာသင်ဆုကို စီစဉ်သည့်အသင်းများလည်းရှိပါသည်။ သို့သော် နိုင်ငံခြားကျောင်းသားအားလုံးကို ပညာသင်ဆုကိုစီစဉ်ပေးခြင်းမဟုတ်ပါ။ ထို့ကြောင့်ဂျပန်နိုင်ငံကိုမလာခင် ငွေကြေးအစီအစဉ်ကို သေချာရေးဆွဲရန်အရေးကြီးပါသည်။

# 08 ▶ ဂျပန်နိုင်ငံတွင် အလုပ်အကိုင်ရရှိနိုင်သလား။

ကျောင်းပြီးမြောက်ပြီးနောက် ဂျပန်နိုင်ငံတွင် သင်ယူလေ့လာခဲ့သည့်ပညာနှင့် နည်းပညာကိုအသုံးချပြီး ဂျပန်ကုမ္ပဏီတွင် အလုပ်အကိုင်ရရှိနိုင်ပါသည်။ သို့သော် ဂျပန်နိုင်ငံတွင် နိုင်ငံခြားသားသည် မည်သည့်အလုပ်အမျိုးအစားမဆို လုပ်ကိုင်နိုင်ခြင်းမဟုတ်ပါ။ ဂျပန်နိုင်ငံတွင် သင်ယူမည့်ပညာရပ်ဖြင့် လုပ်ကိုင်နိုင်သည့်အလုပ်အမျိုးအစား ဘာရှိသလဲကို ကြိုတင်လေ့လာသင့်ပါသည်။ အလုပ်အကိုင်ရှာဖွေမည်ဆိုပါက အလုပ်ရသည့်အခါ အကောင်အထည်ဖော်ချင်သည့်ရည်မှန်းချက်ကိုအတတ်နိုင်ဆုံး အသေးစိတ်ကြိုတင်စဉ်းစားသင့်သည်။ ဂျပန်ကုမ္ပဏီများသည် "ဂျပန်စာကျွမ်းကျင်မှု"၊ "ဂျပန်ယဉ်ကျေးမှုနှင့်အဆင်ပြေစွာ လိုက်လျောညီထွေနိုင်သူ"၊ "တက္ကသိုလ်၊ အထူးပြုသင်တန်းကောလိပ်တွင်သင်ယူလေ့လာခဲ့သည့်ပညာနှင့် နည်းပညာ" ရှိသောနိုင်ငံခြားသားကို အလုပ်ခန့်အပ်လိုနေသည်။ ဂျပန်နိုင်ငံတွင် အလုပ်ဝင်ရောက်လုပ်ကိုင်သည့်အခါ ဒေသဆိုင်ရာလူဝင်မှုကြီးကြပ်ရေးရုံးတွင် နေထိုင်ခွင့်အမျိုးအစားကို ကျောင်းသားမှ အလုပ်လုပ်ကိုင်နိုင်သောအမျိုးအစားသို့ ပြောင်းလဲရန် လျှောက်ထားရပါမည်။

အလုပ်လုပ်ကိုင်နိုင်သောနေထိုင်ခွင့်အမျိုးအစားများတွင် အဆင့်မြင့်နည်းပညာ၊ အသိပညာ (သို့) နိုင်ငံခြားယဉ်ကျေးမှုကို အခြေခံသောအလုပ်အတွက်လုပ် ကိုင်ရန်ထုတ်ပေးသည့် "အင်ဂျင်နီယာ၊ လူမှုဘာသာရပ်ကျွမ်းကျင်သူ၊ နိုင်ငံတကာဝန်ဆောင်မှု"က အဓိကဖြစ်ပါသည်။ ထို့အပြင် "စီပွားရေးစီမံခန့်ခွဲမှု"၊ "ပညာရေး"၊ "ပြုစုစောင့်ရှောက်ရေး"လည်းရှိပြီး သတ်မှတ်သည့်လုပ်ငန်းအမျိုးအစားတွင်လုပ်ငန်းဆိုင်ရာအသိပညာ၊ နည်းပညာ၊ အတွေ့အကြုံရှိသူအတွက်ထုတ်ပေးသော "ကျွမ်းကျင်လုပ်သား"လည်းရှိသည်။

ထို့အပြင် ကျောင်းပြီးသည့်အချိန်အထိ အလုပ်အကိုင်မရရှိခဲ့သော်လည်း တက္ကသိုလ်၊ ဘွဲ့လွန်ကျောင်း၊ အထူးပြုသင်တန်းကောလိပ်မှ ပြီးမြောက်ထားသူ(ဘွဲ့၊ အဆင့်မြင့်ဒီပလိုမာရရှိထားသူ)သည် နေထိုင်ခွင့်ကို ကျောင်းသားမှ ခ (အလုပ်အကိုင်ရှာဖွေရေး)သို့ အမျိုးအစားပြောင်းပြီး ကျောင်းပြီးသည့်အချိန်မှ (၁) နှစ် ((၆)လနှင့် သက်တမ်းတိုးပြီး(၆)လ) အတွင်း အလုပ်အကိုင်ရှာဖွေနိုင်သည်။ ထို့နောက်ပိုင်း အလုပ်အကိုင်ရှာဖွေလိုသူသည် ဒေသအစိုးရမှဆောင်ရွက်သည့် အလုပ်အကိုင်ရရှိရေးအစီအစဉ်တွင် ပါဝင်အကူအညီရယူနေပါက နောက်ထပ် ၁နှစ် ( (၆)လနှင့် သက်တမ်းတိုးပြီး(၆)လ) (ကျောင်းပြီးပြီ ၂ နှစ်အတွင်း) ဂျပန်နိုင်ငံတွင် နေထိုင်နိုင်သည်။

| နေထိုင်ခွင့်အမျိုးအစား | အကြောင်းအရာ | နေထိုင်ခွင့်ကာလ |
|---|---|---|
| အင်ဂျင်နီယာ၊ လူမှုဘာသာရပ် ကျွမ်းကျင်သူ၊ နိုင်ငံတကာဝန်ဆောင်မှု | စကားပြန်၊ ဒီဇိုင်း၊ နိုင်ငံတကာဝန်ဆောင်မှု၊ ဝန်ထမ်းရေးရာ၊ စာရင်းကိုင်၊ မားကက်တင်းစသည့်ဝိဇ္ဇာဘာသာရပ်ဆိုင်ရာပညာရှင်အလုပ် စက်မှု၊ အိုင်တီအင်ဂျင်နီယာ၊ ဒီဇိုင်းစသည့် သိပ္ပံဘာသာရပ်ဆိုင်ရာ ပညာရှင်အလုပ် | ၅နှစ်၊ ၃ နှစ်၊ ၁ နှစ်၊ ၃ လ |
| ပြုစုစောင့်ရှောက်ရေး | ပြုစုစောင့်ရှောက်ရေးပညာရှင် | |
| ကျန်းမာရေး | သူနာပြု၊ သွားဖက်ဆိုင်ရာသွားဘက်ဆိုင်ရာသန့်ရှင်းရေးပညာရှင်၊ ကာယကုထုံးပညာရှင်၊ လုပ်ငန်းခွင်ကုထုံးပညာရှင်၊ ဆေးဘက်ဆိုင်ရာ ဓာတ်မှန်ရိုက်ပညာရှင် | |
| စီမံခန့်ခွဲရေး | ကုမ္ပဏီကိုတည်ထောင်ပြီး ကုမ္ပဏီကို စီမံခန့်ခွဲမည့်အခါ (မတည်ရင်းနှီး ငွေ ယန်း သိန်း ၅၀ ကျော်လိုအပ်ခြင်းစသည့် | ၅နှစ်၊ ၃ နှစ်၊ ၁ နှစ်၊ ၆ လ၊ ၄လ သို့မဟုတ် ၃ လ |
| ကျွမ်းကျင်လုပ်သား | ပြုစုစောင့်ရှောက်ရေး၊ အဆောက်အအုံသန့်ရှင်းရေး၊ ဆောက်လုပ်ရေး၊ ကားပြုပြင်ရေး၊ ဟိုတယ်၊ စိုက်ပျိုးရေး၊ စားသောက်ဆိုင် စသည့် အလုပ်အမျိုးအစား ၁၂ မျိုး | အမှတ် ၁။ ၁ နှစ်၊ ၆ လ၊ ၄လစီ သက်တမ်းတိုးခြင်း (အများဆုံး ၅ နှစ် အထိ) အမှတ် ၂။ ၃နှစ်၊ ၁နှစ်၊ ၆လစီ သက်တမ်းတိုးခြင်း (အကန့်အသတ်မရှိ) |
| သတ်မှတ်လုပ်ငန်း | တက္ကသိုလ်၊ ကော်လိပ်အောင်ပြီးမှ အလုပ်အကိုင်ရှာဖွေမည့်ကာလ | ၆လ+၆လ(အများဆုံး ၁နှစ်) |
| | ဂျပန်အစားအသောက်ယဉ်ကျေးမှုနိုင်ငံတကာလူသိများစေရန် လူ့စွမ်း အားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (ဂျပန်ဟင်း၊ မုန့်၊ ပေါင်မုန့်ချက်ပြုတ်ထုပ်လုပ်ရေး) | ၅ နှစ်၊ ၃နှစ်၊ ၁ နှစ်၊ ၃လ သို့ မဟုတ် တရားရေးဝန်ကြီးမှ သီးခြားစီသတ်မှတ်မည့် ကာလ (၅ နှစ်ထက်မပိုသည့်ကာလ) |
| | နိုင်ငံခြားသားအလှပြင်ဆရာလေ့ကျင့်ပျိုးထောင်ရေးလုပ်ငန်း (အလှပြင် ဆရာ)၊ အမျိုးသားမဟာဗျူဟာအထူးဇုန် (တိုကျိုခရိုင်) | |
| | သတ်မှတ်လုပ်ငန်း အမှတ် ၄၆ (ဂျပန်စာအရည်အချင်း)<br>※ ဂျပန်စာအရည်အချင်းစစ်စာမေးပွဲ (JLPT) N1 လက်မှတ်ရှိသူ အဆင့်မြင့်ဒီပလိုမာရှိသူ | |

# III. ဂျပန်နိုင်ငံတွင် နေထိုင်ရန် အဆင်ပြေနိုင်မှာလား။

## 01 ▶ နေထိုင်ခွင့်ကတ်ဆိုသည်မှာ ဘာလဲ။

နေထိုင်ခွင့်ကတ်ပြားကို ဂျပန်နိုင်ငံတွင် ကာလလတ်၊ကာလရှည်(သုံးလကျော်)နေထိုင်မည့်နိုင်ငံခြားသားအား ဂျပန်နိုင်ငံသို့ဝင်ရောက်သည့်အခါ၊ နေထိုင်ခွင့်အမျိုးအစားပြောင်းသည့်အခါ၊ သက်တမ်းတိုးသည့်အခါတွင်ထုတ်ပေးပါသည်။ (ဓာတ်ပုံလေ့လာရန်) နေထိုင်ခွင့်သက်တမ်း (၃) လအောက်ရှိသူနှင့် အချို့နေထိုင်ခွင့်အတွက် အကျုံးမဝင်ပါ။ ဤကတ်ပြားကိုအမြဲကိုင်ဆောင်ထားရပါမည်။ နေထိုင်ခွင့်ကတ်၏သက်တမ်းသည် အသက် ၁၆ နှစ်နှင့်အထက်ရှိသောနိုင်ငံခြားကျောင်းသားဖြစ်ပါက နေထိုင်ခွင့်သက်တမ်းကုန်ဆုံးသည့်နေ့အထိဖြစ်ပါသည်။ နေထိုင်ခွင့်သက်တမ်းတိုးသည့်အခါ အမျိုးအစားပြောင်းသည့်အခါ ကတ်အသစ်ထုတ်ပေးပါသည်။

ဂျပန်နိုင်ငံသို့ ပထမအကြိမ်ဝင်ရောက်သည့်အခါ နေထိုင်ခွင့်ကတ်ကို အချို့ဂျပန်လေဆိပ် (နာရီတာ၊ ဟာနဲဒါ၊ ချူးဘူ၊ ခန်ဆိုင်၊ ရှင်ချီတိုဆဲ၊ ဟိရိုရှိမား၊ ဖူခုအိုကာလေဆိပ်)တွင် ဝင်ရောက်လာသည့်အခါ ထုတ်ပေးသော်လည်း အခြားလေဆိပ်မှဝင်ရောက်သည့်အခါ နိုင်ငံကူးလက်မှတ်တွင် ပြည်ဝင်ခွင့်ပြုတံဆိပ်တုံးနှိပ်ပြီး နောင်နေ့တွင် နေထိုင်ခွင့်ကတ်ထုတ်ပေးမည်ဟုမှတ်ချက်ရေး၍ နေထိုင်သွားမည်မြို့နယ်ရုံးတွင် နေရပ်လိပ်စာအကြောင်းကြားပြီးနောက်ပိုင်းတွင် နေထိုင်ခွင့်ကတ်ကို ထုတ်ပေးပါသည်။ (မူအားဖြင့်ဒေသလူဝင်မှုကြီးကြပ်ရေးရုံးမှ နေရပ်လိပ်စာထံသို့စာတိုက်မှပေးပို့ပါသည်။)

ဂျပန်နိုင်ငံသို့ဝင်ရောက်သည့်အခါ လေဆိပ်တွင်နေထိုင်ခွင့်ကတ်ထုတ်ပေးသူသည် နေရပ်လိပ်စာကိုသတ်မှတ်ပြီး ၁၄ရက်အတွင်း နေထိုင်ခွင့်ကတ်ပြားကိုယူဆောင်ပြီး သက်ဆိုင်ရာမြို့နယ်ရုံးတွင် မိမိ၏နေရပ်လိပ်စာကို လူဝင်မှုကြီးကြပ်ရေးအေဂျင်စီကော်မရှင်နာထံသို့ အကြောင်းကြားရပါမည်။

နေထိုင်ခွင့်ကတ်အကြောင်းအသေးစိတ်သိရှိလိုပါက အောက်ပါလူဝင်မှုကြီးကြပ်ရေးနှင့်နေထိုင်မှုစီမံခန့်ခွဲရေးဌာန၏ ဝက်ဆိုက်ကိုလေ့လာပါ။

http://www.moj.go.jp/isa/applications/faq/newmmiact_4_point.html

**နေထိုင်ခွင့်ကြီးကြပ်ရေးဆိုင်ရာလုပ်ငန်းစဉ်**

**လေဆိပ်အဝင်အထွက်**

**ပြည်ဝင်ခွင့်စစ်ဆေးခြင်း**

**ပတ်စပို့တွင် ဝင်ခွင့်ပြုကြောင်းတံဆိပ်တုံးထုပြီး ကာလလတ်၊ ကာလရှည်နေထိုင်သူဖြစ်လျှင် နေထိုင်ခွင့်ကတ်ထုတ်ပေးသည်။**
မှတ်ချက်။ နေထိုင်ခွင့်ကတ်ထုတ်ပေးသည့် လေဆိပ်များသည် နာရီတာ၊ ဟာနဲဒါ၊ ချူးဘူ၊ ခန်ဆိုင်၊ ရှင်ချီတိုဆဲ၊ ဟိရိုရှိမား၊ ဖူခုအိုကာလေဆိပ်တို့ဖြစ်သည်။




**မြို့နယ်ရုံးတွင်**

**လိပ်စာ(ပြောင်း) အကြောင်းကြားခြင်း**

**လူဝင်မှုကြီးကြပ်ရေးရုံးတွင်**

**လိပ်စာမှလွဲ၍ အခြားကိစ္စများ(အပြောင်းအလဲ)အကြောင်းကြားခြင်း**

| | |
|---|---|
| အမည်၊မွေးသက္ကရာဇ်၊ကျား/မ၊နိုင်ငံသားပြောင်းခြင်း | |
| နေထိုင်ခွင့်ကတ်သက်တမ်းတိုးခြင်း | အမြဲနေထိုင်သူ၊ အဆင့်မြင့်ကျွမ်းကျင်မှု(၂)၊ အသက် ၁၆အောက်ရှိသူ |
| နေထိုင်ခွင့်ကတ်ပြန်လည်ထုတ်ပေးခြင်း | နေထိုင်ခွင့်ကတ်ပျောက်ဆုံး၊ အခိုးခံ၊ စွန်းထင်းပျက်စီးသွားသည့်အခါ |
| သက်ဆိုင်သည့်အဖွဲ့အစည်း အိမ်ထောင်ဖက်ကိစ္စ | အလုပ်လုပ်ခွင့်ရှိသူ၊ ကျောင်းသားအဖြစ်ပညာသင်ခွင့်ရှိသူ၊ အိမ်ထောင်ဖက်အဖြစ် နေထိုင်ခွင့်ရှိသူ |

※ သက်ဆိုင်သည့်အဖွဲ့အစည်းနှင့် အိမ်ထောင်ဖက်အကြောင်းကြားခြင်းကို အင်တာနက်မှ တစ်ဆင့် အကြောင်းကြားနိုင်သည်။
လူဝင်မှုကြီးကြပ်ရေးနှင် နေထိုင်မှုစီမံခန့်ခွဲရေးဌာန အီလက်ထရွန်နစ် အကြောင်းကြားခြင်း စနစ်
https://www.moj.go.jp/isa/applications/online/i-ens_index.html

**နေထိုင်ခွင့်စစ်ဆေးခြင်း**

နေထိုင်ခွင့်သက်တမ်းတိုးသည့်အခါ၊ အမျိုးအစားပြောင်းသည့်အခါ ကာလလတ်၊ ကာလရှည်နေထိုင်သူများအတွက် နေထိုင်ခွင့် ကတ်အသစ် ထုတ်ပေးသည်။

(လူဝင်မှုကြီးကြပ်ရေးနှင့်နေထိုင်မှုစီမံခန့်ခွဲရေးဌာနမှ ထုတ်ဝေသော “လူဝင်မှုကြီးကြပ်ရေးနှင့်နေထိုင်မှုစီမံခန့်ခွဲခြင်း ၂၀၂၃ခုနှစ်” လက်ကမ်းစာစာအုပ်မှ ကောက်နှုတ်တင်ပြသည်။)

# 02 ဂျပန်နိုင်ငံတွင် နေထိုင်စရိတ် ဘယ်လောက်ကုန်ကျနိုင်သလဲ။

ဂျပန်နိုင်ငံ၏ကုန်ဈေးနှုန်းသည် ဒေသအလိုက်အနည်းအများရှိပါသည်။ ဥပမာ ခန်တိုးဒေသ(အီဘာရခိ၊ တိုချီဂီ၊ ဂွန်မာ၊ ဆိုင်တာမာ၊ ချီဘ၊ တိုကျို၊ ခါနာဂါဝါ) ၏ ကုန်ဈေးနှုန်းကို ရှင်းပြပါမည်။ အောက်ပါအချက်များကို အခြေခံပြီး ဂျပန်နိုင်ငံတွင်နေထိုင်သည့်အခါ လိုအပ်လာမည့်နေထိုင်စရိတ်ကို တွက်ချက်ကြည့်ပါ။

**နေထိုင်စရိတ်**

ခန်တိုးဒေသတွင်နေထိုင်မည့်နိုင်ငံခြားကျောင်းသားက ကျောင်းစရိတ်အပြင် အဓိကလိုအပ်မည့်စရိတ်များနှင့် တစ်လပျမ်းမျှကုန်ကျစရိတ်ဖြစ်ပါသည်။

| ကုန်ကျစရိတ် | စားစရိတ် | အခန်းခ ရေမီးဂတ်စ် | အာမခံ ဆေးကုစရိတ် | ဝါသနာ အပန်းဖြေ | လမ်းစရိတ် | အထွေထွေ | စုစုပေါင်း |
|---|---|---|---|---|---|---|---|
| တစ်လပျမ်းမျှ | ယန်း ၃၀,၀၀၀ | ယန်း ၅၇,၀၀၀ | ယန်း ၃,၀၀၀ | ယန်း ၆,၀၀၀ | ယန်း ၅,၀၀၀ | ယန်း ၈,၀၀၀ | ယန်း ၁၀၉,၀၀၀ |

(ရည်ညွှန်း။ ဂျပန်နိုင်ငံကျောင်းသားများထောက်ပံ့ရေးအသင်း၏ "၂၀၁၉ခုနှစ် ပုဂ္ဂလိကနိုင်ငံခြားကျောင်းသားများစားဝတ်နေရေးစစ်တမ်းရလဒ် နေထိုင်မှု ပုံစံအလိုက်ကုန်ကျသည့်ကုန်ကျစရိတ်များ(တိုကျို)" အရ)

ဤအပြင် ပျမ်းမျှပညာသင်ယူလေ့လာစရိတ် (ယန်း ၆၂,၀၀၀)ကို ပေါင်းလျှင် တစ်လတွင်ကုန်ကျမည့် ပျမ်းမျှစရိတ်သည် ယန်း ၁၇၁,၀၀၀ ကျပါသည်

**အခန်းခ**

အထက်ပါစရိတ်များအနက် အခန်းခနှင့် ရေမီးဂတ်စ်ခ အထူးသဖြင့်အခန်းခသည် ဒေသအလိုက်မတူညီပါ။ ပုဂ္ဂလိကတိုက်ခန်း၊ နိုင်ငံခြားကျောင်းသားအဆောင်၊ ကျောင်းသားအဆောင်အပါအဝင် ပျမ်းမျှအခန်းခကို နှိုင်းယှဉ်ကြည့်လျှင် ခန်တိုဒေသသည် ယန်း ၄၁,၀၀၀ ဖြစ်ပြီး ဈေးအများဆုံးဒေသဖြစ်သည်။

ပုဂ္ဂလိကတိုက်ခန်းကိုငှားသည့်အခါ အခန်းခဈေးကြီးသည်အပြင် အာမခံသူလည်းလိုအပ်သည့်အခါလည်းရှိသည်။ အိမ်ပြောင်းသည့်အခါ အခန်းခအပြင် စပေါ်ငွေ၊ ကန်တော့ကြေး၊ အာမခံကြေးအစရှိသောစရိတ်များ လ အနည်းငယ်စာ လိုအပ်ပါသည်။ အခန်းငှားစာချုပ်ချုပ်ဆိုသည့်အခါ စာချုပ်မှာသက်တမ်းရှိပြီး သက်တမ်းတိုးသည့်အခါ သက်တမ်းတိုးကြေးကို ပေးဆောင်ရသည့်အခါလည်းရှိသည်။

တက်ရောက်မည့်ကျောင်းက နိုင်ငံခြားကျောင်းသားအိမ်ငှားအာမခံစနစ်ဝင်ကျောင်းဖြစ်ပါက နိုင်ငံခြားကျောင်းသားက ထို့အာမခံကို ဝင်လျှင် ကျောင်းကအာမခံသူအဖြစ်ဆောင်ရွက်ပေးသောကြောင့် ကျောင်းကိုစုံစမ်းကြည့်ပါ။

အခုနောက်ပိုင်း နိုင်ငံခြားသားလည်းငှားနိုင်သည့်အခန်း၊ အာမခံသူမလိုသည့်အခန်းကို မိတ်ဆက်ပေးသည့် ပုဂ္ဂလိကအိမ်ခြံမြေအကျိုးဆောင်များလာသောကြောင့် အင်တာနက် (သို့) နိုင်ငံခြားကျောင်းသားကို ပစ်မှတ်ထားသည့်ဂျာနယ်တွင် ရှာဖွေလေ့လာကြည့်ပါ။

**နေ့စဉ်သုံးပစ္စည်းများ၏ကုန်ဈေးနှုန်း**

ဂျပန်နိုင်ငံတွင်လည်း ဒေသအလိုက်ကုန်ဈေးနှုန်းကွာဟချက်ရှိသည်။ တိုကျိုခရိုင်၏ အခြေအနေကို အောက်တွင် မိတ်ဆက်ပေးပါမည်။ (ရည်ညွှန်း။ တိုကျိုခရိုင်၏စာရင်းဇယား ၂၀၂၄ခုနှစ် ဇန်နဝါရီလစာရင်းအရ)

(အခွန်ပါပြီးသာ)

| အမျိုးအစား | ရေဘိုး ၁လ ၂၀m³ | မီးဘိုး ၁လ | ဆန် (ခိုရှိဟိခရိမှလွဲ၍) ၅ Kg | ပေါင်မုန့် ၁ Kg | ဆီ ၁ဗူး ၁၀၀၀g | ဂျုံ ၁ Kg | ကြက်ဥ ၁ထုပ် ၁၀လုံး |
|---|---|---|---|---|---|---|---|
| ဈေးနှုန်း | ၂,၄၇၅ ယန်း | ၁၃,၇၀၇ ယန်း | ၂,၂၈၃ ယန်း | ၅၃၁ ယန်း | ၄၇၆ ယန်း | ၃၄၆ ယန်း | ၃၀၆ ယန်း |
| ထမင်းဗူး ကြက်ကြော် တစ်ဗူး | အဝတ် ဆပ်ပြာ ၁ Kg | အိမ်သာသုံး စက္ကူ ၁၀၀၀m | ဖျားနာဆေး (အအေးမိ) ၁ဗူး ၄၄ထုပ် | ဖျားနာဆေး (အကိုက်အခဲ) ၁ဗူး ၄၀ထုပ် | ဘတ်စ်ကားခ လိုင်းကား ၇Km ၁ကြိမ် | ဂိမ်းဆော့ဝဲလ် ၁ ခု | ကာရာအိုကေ ခန်းအသုံးပြုခ ၁ ယောက် |
| ၅၂၉ ယန်း | ၃၉၃ ယန်း | ၇၉၃ ယန်း | ၁,၆၇၁ ယန်း | ၇၀၇ ယန်း | ၂၁၇ ယန်း | ၆,၃၂၆ ယန်း | ၁,၀၇၀ ယန်း |

# 03 ▶ နိုင်ငံခြားကျောင်းသားသည် အချိန်ပိုင်းအလုပ်လုပ်နိုင်သလား။

“ဂျပန်နိုင်ငံမှာ နိုင်ငံခြားကျောင်းသားလည်း အချိန်ပိုင်းအလုပ်လုပ်နိုင်ပြီး အလုပ်လုပ်ရင်းနဲ့ ကျောင်းတတ်နိုင်တဲ့နိုင်ငံ”ဟု ထင်မြင်သူရှိသော်လည်း မှုအားဖြင့် အမြင်မှားနေပါသည်။ ဂျပန်အစိုးရသည် နိုင်ငံခြားကျောင်းသားအား နေထိုင်ခွင့် “ကျောင်းသား”ကို ထုတ်ပေးသော်လည်း **နေထိုင်ခွင့် “ကျောင်းသား”ဖြင့် ပြုလုပ်နိုင်သည့်လှုပ်ရှားမှုများတွင် အချိန်ပိုင်းအလုပ်မပါဝင်ပါ။** ပညာသင်ယူခြင်းကို အနှောင့်အယှက်မပေးသည့် အတိုင်းအတာဖြင့် အချိန်ပိုင်းအလုပ်လုပ်မည်ဆိုလျှင် လူဝင်မှုကြီးကြပ်ရေးရုံးမှ ခွင့်ပြုချက်ယူရပါမည်။

ခွင့်ပြုချက်ယူထားသော်လည်း နိုင်ငံခြားကျောင်းသားသည် အလုပ်အမျိုးအစားကန့်သတ်ချက်ရှိသည့်အပြင် အချိန်ပိုင်းအလုပ်လုပ်နိုင်သည့်အချိန်သည် **တစ်ပတ်တွင် ၂၈နာရီအတွင်း (ကျောင်းစည်းကမ်းအရ သတ်မှတ်မည့်ပိတ်ရက်ရှည်တွင်တစ်နေ့(၈)နာရီအတွင်း)**ဟုသတ်မှတ်ထားပါသည်။

(နေထိုင်ခွင့်ကတ်နောက်ကျော)




အချိန်ပိုင်းအလုပ်လုပ်ခွင့်ရတဲ့အခါ
မှတ်ချက်ရေးသည့်နေရာဖြစ်ပါသည်။

※အွန်လိုင်းဖြင့်လျှောက်သည့်အခါ အချိန်ပိုင်းအလုပ်လုပ်ခွင့်လက်မှတ်ကို ထုတ်ပေးပါသည်။

※ အချိန်ပိုင်းအလုပ်၏လုပ်ခသည် ဒေသအလိုက်၊ အလုပ်အမျိုးအစားအလိုက်ကွာဟချက်ရှိသည်။ တိုကျိုခရိုင်၏ ၂၀၂၃ခုနှစ် အနိမ့်ဆုံးလုပ်ခသည် တစ်နာရီ ၁,၁၁၃ ယန်း (၂၀၂၃ခုနှစ် ၁၀လ ၁ရက်တွင် စျေးနှုန်းပြင်ဆင်ခြင်း) ဖြစ်ပါသည်။ ခွင့်ပြုပေးနိုင်သည့်အများဆုံးအချိန်ကိုသုံးပြီးတွက်ချက်လျှင် အချိန်ပိုင်း အလုပ်၏လစာမှာ ၁၁၁၃ယန်း x ၂၈နာရီ = ၃၁,၁၆၄ယန်း(တစ်ပတ်) x (၄) ပတ်(တစ်လ) = ၁၂၄,၆၅၆ယန်းဖြစ်မည်။ အထက်ပါ ဂျပန်နိုင်ငံကျောင်းသားများထောက်ပံ့ရေးအသင်း၏သုတေသနတွေ့ရှိချက်(၂၀၂၂ခုနှစ် ဇန်နဝါရီလ)အရ နိုင်ငံခြားကျောင်းသား၏ ပျမ်းမျှ အချိန်ပိုင်းအလုပ်လစာသည် အဆင့်မြင့်ပညာရေးကျောင်းတွင် ယန်း ၅၉,၀၀၀၊ ဂျပန်စာသင်တန်းကျောင်းတွင် ယန်း ၆၀,၀၀၀ ဖြစ်ပြီး ကျောင်းအမျိုးအစားနှင့် သင်ရိုးပေါ်မူတည်ပြီး အချိန်ပိုင်းအလုပ်အတွက်ပေးနိုင်သည့်အချိန်မှာ ကွာဟချက် ရှိသည်။

※ အချိန်ပိုင်းအလုပ်မှရရှိသည့်ဝင်ငွေဖြင့်သာ စရိတ်အားလုံးကိုပေးရန် ခက်ပါသည်။ သို့သော်လည်း “ဂျပန်ကို သွားမယ်ဆိုရင် အချိန်ပိုင်းအလုပ်နဲ့ ကျောင်းစရိတ်၊ နေထိုင်စရိတ်ကို အေးအေးဆေးဆေးရှာနိုင်တာမို့ အဆင်ပြေတယ်” အစရှိသော ဖြားယောင်းခြင်းကို အဟုတ်မှတ်ပြီး ဂျပန်နိုင်ငံကိုရောက်လာခဲ့သော်လည်း ကျောင်းတက်ရန်ခက်ခဲလာပြီး မိခင်နိုင်ငံသို့ပြန်ရမည့်သူလည်းရှိပါသည်။ လတ်တလော “လွယ်လွယ်နဲ့ပိုက်ဆံရှာနိုင်တဲ့အချိန်ပိုင်းအလုပ်”ဟုဆိုကာ တရားမဝင်သည့် ခရက်ဒစ်ကတ်ကို အလွဲသုံးစားလုပ်သည့်ပြစ်မှုတွင် နိုင်ငံသားအချင်းချင်း ဂျပန်ရောက်ရောက်ချင်းဖြစ်သည့်ကျောင်းသားကို အသုံးချမည့်ဖြစ်ရပ်များလာသည်။ လူမှုကွန်ယက်တွင်အချိန်ပိုင်းအလုပ်ကိုရှာသည့်အခါ ဂရုစိုက်သင့်သည်။ **ဂျပန်နိုင်ငံတွင်ပညာသင်ယူသည့်အခါ အချိန်ပိုင်းအလုပ်မှ ရရှိမည့်ဝင်ငွေကို မမျှော်မမှန်းပဲ လက်တွေ့ကျသောအစီအစဉ်ကို ရေးဆွဲသင့်ပါသည်။**

| အချိန်ပိုင်းအလုပ်လုပ်ခြင်းကို တားမြစ်ထားသည့်အလုပ်အမျိုးအစားနှင့်နေရာ |
|---|
| **(၁) ဖျော်ဖြေရေးနှင့် ကာမဝန်ဆောင်မှုလုပ်ငန်းတွင် အလုပ်လုပ်ခွင့်မရှိပါ။**<br>ကာဘာရက်၊ နိုက်ကလပ်၊ အကခန်းမ၊ လာစားသူကိုဧည့်ခံဖျော်ဖြေသည့်ဘား၊ ပါချင်ကိုဆိုင်၊ မာဂျောင်ဆိုင် ဂိမ်းစင်တာ၊ သီးသန့်ခန်းရှိရေချိုးခန်း၊ ဝတ်လစ်စားလစ်ဖျော်ဖြေခြင်းဝန်ဆောင်မှု၊ အချစ်ဟိုတယ်၊ လူကြီးဆိုင်၊ အပြာစာအုပ်အရောင်းဆိုင်၊ သီးသန့်ခန်းရှိအနှိပ်ခန်း၊ အဖော်လိုက်ဖျော်ဖြေခြင်းဝန်ဆောင်မှု၊ အပြာကားအရောင်းဆိုင်၊ အင်တာနက်ပေါ် အပြာကားပြဝန်ဆောင်မှု၊ တယ်လီဖုန်းကလပ်၊ ဖုန်းမှတစ်ဆင့်ချိန်းတွေ့ပေးခြင်းဝန်ဆောင်မှု၊ သွင်းထားသည့်ညစ်ညမ်းသောအသံကို ဖုန်းမှကြားနိုင်စေမည့်ဝန်ဆောင်မှု |
| **(၂) အရက်ဆိုင်၊ ဘား၊ လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်တို့အတွင်း အောက်ပါနေရာများတွင် အလုပ်လုပ်ခွင့်မရှိပါ။**<br>၁) လာစားသူကို ဖျော်ဖြေသည့်အမျိုးသမီးရှိသည့်နေရာ<br>၂) မီးမှောင်သည့်နေရာ (အလင်းရောင် ၁၀ lux အောက်ရှိနေရာ)<br>၃) (၅ စတုရန်းမီတာအောက်ရှိ ထိုင်ခုံများရှိ၍) ကျဉ်းပြီး ကောင်းကောင်းမမြင်နိုင်သည့်နေရာ |

※ အတက်ပါနေရာတွင် အချိန်ပိုင်းအလုပ်မလုပ်လျှင်လည်း ထို့အလုပ်များအတွက် လမ်းပေါ်တွင်ကြော်ငြာလက်ကမ်းစာဝေခြင်းနှင့် တားမြစ်နေရာ (အထက်ပါ (၁) နှင့် (၂) နေရာ) တွင် အချိန်ပိုင်းသန့်ရှင်းရေးလုပ်ခြင်းတို့ကိုလည်း ပိတ်ပင်ထားသည်။

## 04 ရေ၊မီး၊ဂတ်စ်၊တယ်လီဖုန်းသုံးရန် ဘယ်လိုလုပ်ရမှာလဲ။

ဂျပန်နိုင်ငံတွင် နေထိုင်သည့်အခါ ရေ၊ မီး၊ ဂတ်စ်၊ တယ်လီဖုန်းတို့ လိုအပ်ပါသည်။

အခန်းကိုကိုယ့်ကိုယ်တိုင်ငှားသည့်အခါ ဤ၀န်ဆောင်မှုအသီးသီးကို ကိုယ့်ကိုယ်တိုင်သီးခြားစီ စာချုပ်ချုပ်ရပါမည်။ အခန်း၏ အခန်းခမှာ ဤ၀န်ဆောင်ခတွေ မပါ၀င်သောကြောင့် အခန်းငှားသူက ပေးရပါမည်။ ၀န်ဆောင်ခအချိန်မီပေးဆောင်ခြင်း မရှိပါက ဖြတ်တောက်ခြင်းခံရနိုင်သောကြောင့် သတိထားပါ။

ဂျပန်နိုင်ငံတွင် ရေပေးဝေရေးကရေကို တိုက်ရိုက်သောက်သုံးနိုင်သည်။ နိုင်ငံခြားတွင်ထုတ်လုပ်သည့်လျှပ်စစ်ပစ္စည်းသည် ဂျပန့်စံချိန်စံညွှန်းနှင့်မကိုက်ညီလျှင် အသုံးမပြုနိုင်သောကြောင့် သတိထားပါ။




## 05 အမှိုက်ကို ဘယ်လိုပစ်ရမှာလဲ။

ဂျပန်နိုင်ငံတွင် အမှိုက်ပစ်ပုံပစ်နည်းသည် ဒေသအလိုက်မတူညီပါ။ နေထိုင်မည့်နေရာ၏စည်းကမ်းနှင့်အညီ အမှိုက်မပစ်ပါက အိမ်နီးချင်းများနှင့် ပြဿနာဖြစ်သွားနိုင်သည်။ အိမ်တွင် အမှိုက်ကို အမျိုးအစား(မီးရှို့လို့ရသည့်အမှိုက်၊ မီးရှို့လို့မရသည့် အမှိုက်)အလိုက်ကွဲပြီး အမှိုက်ကောက်သည့်နေ့တွင် သတ်မှတ်ချိန်မတိုင်ခင် သတ်မှတ်ထားသည့်အမှိုက်ပုံ((သတ်မှတ်နေရာ)တွင် ပစ်ရပါမည်။ ထို့အပြင် အကြီးစားအမှိုက်ကို ပစ်လိုပါက နေထိုင်သည့်မြို့နယ်မှသတ်မှတ်သည့်နည်းအတိုင်းပစ်ပါ။

## 06 အရေးပေါ်အခြေအနေကြုံရင် ဘယ်လိုလုပ်ရမှာလဲ။

အကယ်၍ မီးလောင်သည့်အခါ၊ ရုတ်တရက်နေမကောင်း ဒဏ်ရာရသည့်အခါ၊ ပြစ်မှုတစ်စုံတစ်ရာ (သို့) မတော်တဆမှုကြုံသည့်အခါ ပျာယာမခတ်ပဲ အောက်ပါဖုန်းနံပါတ်ကိုဆက်ပါ။ ငလျင်အတွက် ပုံမှန်အခြေအနေမှာ ပရိဘောဂလဲမကျအောင်စီစဉ်ခြင်း၊ အရေးပေါ်သုံးပစ္စည်းပြင်ဆင်ခြင်း၊ ရှောင်ပြေးမည့်နေရာကိုလေ့လာခြင်းတို့ကိုပြုလုပ်ထားပါ။ ငလျင်လှုပ်သည့်အခါလည်း ပျာယာမခတ်ပဲ စိတ်အေးအေးထားပြီး တုံ့ပြန်ပါ။

အရေးပေါ်သုံးပစ္စည်းများအဖြစ် အောက်ပါပစ္စည်းများကို အချိန်မရွေးကောက်ယူသွားနိုင်အောင်ပြင်ဆင်ထားပါ။
ရိတ္တာ(စည်သွပ်ဗူး၊ ဖောက်တံ၊ အသင့်စားပစ္စည်း၊ မုန့်) သောက်ရေ၊ မီးချစ်၊ ဆေးဝါး၊ အဖိုးတန်ပစ္စည်း
(ဘဏ်စာအုပ်၊ တံဆိပ်တုံး၊ ပိုက်ဆံ၊ ကျန်းမာရေးကတ်၊ နေထိုင်ခွင့်ကတ်၊ My Numberကတ်၊
ပတ်စပို့) ဓာတ်မီး၊ ရေဒီယို၊ ဓာတ်ခဲ။



| အကြောင်းအရာ | ဆက်သွယ်ရန် | ဖုန်းနံပါတ် |
|---|---|---|
| မီးလောင်၊ ကယ်ဆယ်၊ လူနာတင်ကား | မီးသတ်ရုံး | ၁၁၉ (၂၄နာရီ အခမဲ့ခေါ်ဆိုနိုင်သည်။) |
| မှုခင်း၊ မတော်တဆမှု | ရဲစခန်း | ၁၁၀ (၂၄နာရီ အခမဲ့ခေါ်ဆိုနိုင်သည်။) |

## 07 ဂျပန်နိုင်ငံ၏ ကျန်းမာရေးအာမခံနှင့် ပင်စင် ဝင်ရန် လိုအပ်ပါသလား။

ဂျပန်နိုင်ငံတွင် အဆင့်မြင့်ဆေးကုသမှုကိုခံယူနိုင်သော်လည်း ဆေးကုသစရိတ်သည် အလွန်ဈေးကြီးပါသည်။ ထို့ကြောင့် ဂျပန်နိုင်ငံကျန်းမာရေးအာမခံစနစ်သည် ဂျပန်နိုင်ငံသားရော နိုင်ငံခြားသား (နေထိုင်ခွင့်သက်တမ်း (၃)လကျော်ရှိသူ)ပါ အများပြည်သူ ကျန်းမာရေးအာမခံစနစ်တစ်ခုခုကို မဝင်မနေရဖြစ်ပါသည်။ အများပြည်သူကျန်းမာရေးအာမခံတွင် ပြည်သူ့ကျန်းမာရေးအာမခံနှင့် ကုမ္ပဏီကဲ့သို့ အလုပ်ဌာနမှထားပေးမည့် ကျန်းမာရေးအာမခံဟု နှစ်မျိုးနှစ်စားရှိပါသည်။

ပြည်သူ့ကျန်းမာရေးအာမခံသည် ကုမ္ပဏီဝန်ထမ်းမဟုတ်သူက ဝင်မည့်အာမခံဖြစ်ပါသည်။ ဂျပန်နိုင်ငံတွင် ပညာသင်ယူနေသည့် နိုင်ငံခြားကျောင်းသားတို့သည် ဤအာမခံကိုဝင်ရပါမည်။ ပြည်သူ့ကျန်းမာရေးအာမခံဝင်ထားလျှင် ရောဂါ၊ ဒဏ်ရာကြောင့် ဆေးကုရသည့်အခါ ကျန်းမာရေးအာမခံနှင့်အကျုံးဝင်မည့် ဆေးကုသမှုစရိတ်နှင့် ဆေးဝါးစရိတ်တို့၏ ၃၀ ရာခိုင်နှုန်းသာ ကိုယ့်ကိုယ်တိုင် ကုန်ကျပေးချေပါသည်။

ထို့အပြင် အသက် ၂၀ နှင့်အထက်ရှိသော နိုင်ငံခြားကျောင်းသား (နေထိုင်ကြောင်းအကြောင်းကြားထားသူ)သည် ဂျပန်နိုင်ငံတွင် ပြည်သူ့ ပင်စင်ကိုဝင်ရပြီး ပရီမီယံကြေးပေးသွင်းရပါမည်။ သို့သော် ကျောင်းသားသည် လျှောက်လွှာတင်ခြင်းဖြင့် ပရီမီယံကြေး ပေးသွင်းခြင်းကင်းလွတ်ခွင့်စနစ်နှင့် အကြုံးဝင်သွားနိုင်သည်။ ပင်စင်ကိစ္စကို နေထိုင်ကြောင်းအကြောင်းကြားထားသည့် မြို့နယ်တွင် ဆောင်ရွက်ရပါမည်။

# 08 ▶ My Numberဆိုသည်မှာ ဘာလဲ။

ဂျပန်နိုင်ငံတွင်နေထိုင်ပြီး မြို့နယ်ရုံးတွင် နေထိုင်ကြောင်း အကြောင်းကြားထားသူ (နိုင်ငံခြားကျောင်းသားကဲ့သို့ နေထိုင်ခွင့် သက်တမ်း (၃) လကျော်ရှိသူ) ပေါ် သီးခြားစီသတ်မှတ်မည့် ဂဏန်း ၁၂ လုံးပါ နံပါတ်ဖြစ်ပါသည်။ ဥပဒေဖြင့်သတ်မှတ်သည့် လူမှုဖူလုံရေး၊ အခွန်၊ ဘေးအန္တရာယ်တုံ့ပြန်ရေးအတွက်သာ အသုံးပြုပါသည်။

နိုင်ငံခြားကျောင်းသားသည် နေထိုင်ခွင့်ကတ်ထုတ်ပြီး လိပ်စာသတ်မှတ်သည့်နေ့မှ ၁၄ ရက်အတွင်း သက်ဆိုင်ရာမြို့နယ်ရုံးသို့လိပ်စာသစ်အကြောင်းကြားစာတင်ရပါမည်။ နေထိုင်ကြောင်းအကြောင်းကြားပြီးနောက် My Number အကြောင်းကြားစာရောက်လာပါလိမ့်မည်။ My Number အကြောင်းကြားစာသည် My Number ကိုအကြောင်းကြားရုံသက်သက်ဖြစ်ပြီး My Numberကို အတည်ပြုခြင်း၊ မည်သူမည်ဝါဖြစ်ကြောင်းသက်သေခံခြင်းအဖြစ်အသုံးမပြုနိုင်ပါ။

My Number ကတ်




My Number အကြောင်းကြားစာရောက်လာပြီး မြို့နယ်ရုံးတွင် လျှောက်လွှာတင်လျှင် My Number ကတ်ဟုခေါ်သော မျက်နှာဓာတ်ပုံပါ ပလပ်စတစ်ကတ်ထုတ်ပေးပါသည်။ My Numberကို အတည်ပြုခြင်း၊ မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံခြင်းကို ဤကတ်ဖြင့်လုပ်နိုင်ပါသည်။

My Numberသည် မူအားဖြင့် ရာသက်ပန် အတည်ဖြစ်သည်။ မိခင်နိုင်ငံသို့ပြန်ပြီး နှစ်အနည်းငယ်ကြာမှ ဂျပန်နိုင်ငံသို့ပြန်ဝင်လာလျှင်လည်း အရင်နံပါတ်ကိုသုံးရသည်။ My Numberကို အကြောင်းမရှိ သူတစ်ပါးကို အသိမပေးပါနဲ့။ သူတစ်ပါး၏ နံပါတ်ကို ကောက်ခံခြင်း၊ ထိန်းသိမ်းခြင်းမလုပ်ပါနဲ့။

My Number ကတ်ပျောက်သည့်အခါ နှောင်းနှေးမှုမရှိပဲ My Number Call Centerသို့ဆက်သွယ်ပြီး My Number ကတ် အသုံးပြုခြင်းကို ခေတ္တရပ်ဆိုင်းလိုက်ပါ။ ရဲစခန်းကို အကြောင်းကြားပြီးနောက် မြို့နယ်ရုံးတွင် ကတ်ပြန်ထုတ်ပေးရန် လျှောက်ရပါမည်။

ထို့အပြင် ကျောင်းပြောင်းတက်ခြင်း၊ အလုပ်အကိုင်ရရှိခြင်းကြောင့် အိမ်ပြောင်းပြီး လိပ်စာအပြောင်းအလဲရှိသည့်အခါ မြို့နယ်ရုံးတွင် လိပ်စာပြောင်းအကြောင်းကြားစာနှင့်အတူ My Numberကတ်၏ လိပ်စာကိုလည်း လိပ်စာပြောင်းအကြောင်းကြားရပါမည်။ (နေထိုင်ခွင့်ကတ်အတွက်လည်း လိပ်စာပြောင်းအကြောင်းကြားရမည်။) My Numberကတ်မှာ သက်တမ်းရှိသောကြောင့် (နိုင်ငံခြားကျောင်းသားဖြစ်ပါက နေထိုင်ခွင့်သက်တမ်းနှင့် ရက်တူပါသည်။) သက်တမ်းမကုန်ခင် မြို့နယ်ရုံးတွင် My Number ကတ် သက်တမ်းတိုးရပါမည်။

( My Number ကတ်အကြောင်းရှင်းပြသည့်ဝက်ဆိုက် https://www.kojinbango-card.go.jp )

# 09 ▶ ဂျပန်နိုင်ငံတွင်ကျောင်းတက်နေစဉ် လိုက်နာဆောင်ရွက်ရမည့် အစိုးရရုံးပိုင်းဆိုင်ရာကိစ္စရပ်များရှိပါသလား

ဂျပန်နိုင်ငံတွင် ကျောင်းတက်နေစဉ် အစိုးရရုံးပိုင်းဆိုင်ရာကိစ္စရပ်အမျိုးမျိုးကို လိုက်နာဆောင်ရွက်ရပါမည်။ ထိုကိစ္စရပ်များအနက် နေထိုင်ခွင့် သက်တမ်းတိုးခြင်း၊ မိခင်နိုင်ငံသို့ခေတ္တပြန်ရန်အတွက် ပြန်လည်ဝင်ရောက်ခွင့်၊ အချိန်ပိုင်းအလုပ်အတွက်နေထိုင်ခွင့်ပြင်ပလှုပ်ရှားမှုပြုလုပ်ခွင့်တို့ကို ရှင်းပြပါမည်။ အသေးစိတ်သိရှိလိုပါက သက်ဆိုင်ရာ လူဝင်မှုကြီးကြပ်ရေးရုံးကို ဆက်သွယ်စုံစမ်းပါ။

### (၁) နေထိုင်ခွင့်သက်တမ်းတိုးခြင်း

ကျောင်းတက်နေစဉ် နေထိုင်ခွင့်သက်တမ်းကုန်ဆုံးသွားပါက ဒေသလူဝင်မှုကြီးကြပ်ရေးရုံးတွင် နေထိုင်ခွင့်သက်တမ်းတိုးပေးရန် လျှောက်ရပါမည်။ (သက်တမ်းမကုန်ခင် (၃)လအလိုမှ လျှောက်နိုင်သည်။) **လျှောက်သည့်အခါ ကျောင်းရမှတ်နှင့် အတန်းတက်ရောက်မှုအခြေအနေ၊ နေထိုင်မှုအခြေအနေတို့သည် အရေးကြီးပါသည်။** အထူးသဖြင့် အတန်းတက်ရောက်မှုမမှန်သည့်အခါ၊ သတ်မှတ်ချိန်ထက်ကျော်လွန်ပြီး အချိန်ပိုင်းအလုပ်လုပ်သည့်အခါ နေထိုင်ခွင့်သက်တမ်း မတိုးပေးသည့်အခါလည်းရှိနိုင်သောကြောင့် သတိထားပါ။ နေထိုင်ခွင့်သက်တမ်းမတိုးပဲ သက်တမ်းကုန်ဆုံးပြီးနောက် ဆက်လက် ဂျပန်နိုင်ငံတွင် နေထိုင်ပါက (တရားမဝင်နေထိုင်ခြင်းဖြင့်) ဥပဒေအရ ပြင်းပြင်းထန်ထန် အရေးယူခြင်း ခံရပါမည်။

**(၂) မိခင်နိုင်ငံသို့ ခေတ္တပြန်ရန်အတွက် ပြန်လည်ဝင်ရောက်ခွင့်**

ဂျပန်နိုင်ငံတွင် ကျောင်းတက်နေစဉ် မိခင်နိုင်ငံသို့ ခေတ္တပြန်ရသည့်အခါ အထူးပြန်လည်ဝင်ရောက်ခွင့်စနစ်အရ နေထိုင်ခွင့်ကတ်ကိုင်ဆောင်သူက ပြည်ပသို့ထွက်ခွာပြီး တစ်နှစ်အတွင်း ဂျပန်နိုင်ငံသို့ ပြန်လည်ဝင်ရောက်သည့်အခါ မူအားဖြင့် ပြန်လည်ဝင်ရောက်ခွင့်ကို လျှောက်ထားရန်မလိုပါ။ အထူးပြန်လည်ဝင်ရောက်ခွင့်စနစ်အရ ပြည်ပသို့ထွက်ခွာသည့်အခါ ပတ်စပို့နှင့် နေထိုင်ခွင့်ကတ်ကို တင်ပြပြီး ပြန်လည်ဝင်ရောက်၊ ထွက်ခွာမှတ်တမ်း (EDကတ်)တွင် "ခေတ္တထွက်ခွာခြင်းဖြစ်၍ ပြန်လည်ဝင်ရောက်ရန်အစီအစဉ်ရှိသည်။" တွင် အမှန်ခြစ်ရပါမည်။

အထူးပြန်လည်ဝင်ရောက်ခွင့်ကိုအသုံးပြုပြီး ပြည်ပသို့ထွက်ခွာသူသည် ယင်းသက်တမ်း(တစ်နှစ်)ကို ပြည်ပတွင် သက်တမ်းမတိုးနိုင်ပါ။ ပြည်ပသို့ထွက်ခွာပြီး တစ်နှစ်အတွင်းပြန်လည်ဝင်ရောက်ခြင်းမရှိပါက နေထိုင်ခွင့်လည်းသက်တမ်းကုန်သောကြောင့် တစ်နှစ်ကျော်ပြည်ပသို့ထွက်ခွာသည့်အခါ ပြန်လည်ဝင်ရောက်ခွင့်ကိုလျှောက်ပါ။

နေထိုင်ခွင့်ကတ်ထုတ်ပေးခြင်းမရှိသည့်လေဆိပ်မှ ဝင်ရောက်လာပြီး နေထိုင်ခွင့်ကတ် မထုတ်ရသေးသူလည်း "နေထိုင်ခွင့်ကတ်ကို နောက်တစ်နေ့တွင်ထုတ်ပေးသည်" ဟု ပတ်စပို့တွင် မှတ်ချက်ရေးသားခြင်းရှိပါက အထူးပြန်လည်ဝင်ရောက်ခွင့်ဖြင့်ပြည်ပသို့ထွက်ခွာနိုင်သည်။နိုင်ငံခြားသားပြည်ဝင်မှတ်တမ်း(EDကတ်)ကို အွန်လိုင်းမှတစ်ဆင့်လျှောက်ထားနိုင်ပါသည်။

https://www.moj.go.jp/isa/immigration/procedures/16-5.html

**(၃) အချိန်ပိုင်းအလုပ်လုပ်ရန်အတွက် နေထိုင်ခွင့်ပြင်ပလှုပ်ရှားမှုပြုလုပ်ခွင့်**

ကျောင်းတက်နေစဉ် အချိန်ပိုင်းအလုပ်ကိုလုပ်ကိုင်ချင်ပါက အချိန်ပိုင်းအလုပ်မလုပ်ခင် ဒေသလူဝင်မှုကြီးကြပ်ရေးရုံးတွင် အချိန်ပိုင်းအလုပ်လုပ်နိုင်ရန်အတွက် နေထိုင်ခွင့်ပြင်ပလှုပ်ရှားမှုပြုလုပ်ခွင့်ကိုယူရပါမည်။ ဤခွင့်ပြုချက်မရှိပဲ အချိန်ပိုင်းအလုပ်လုပ်ပါက တရားမဝင်အလုပ်လုပ်ကိုင်ခြင်းကြောင့် ပြင်းပြင်းထန်ထန်အရေးယူခြင်းခံရပါလိမ့်မည်။

# 10 ▶ နိုင်ငံခြားကျောင်းသားမှ သတိထားရမည့်အချက်များ ဘာတွေရှိသလဲ။

ဂျပန်နိုင်ငံမှာ ကျောင်းတက်ရန်အတွက် လိုက်နာရမည့် ဥပဒေစည်းမျဉ်းစည်းကမ်းအမြောက်အများရှိပါသည်။ တစ်ခြားနိုင်ငံတွင် တရားဝင်သည့်ကိစ္စဖြစ်သော်လည်း ဂျပန်နိုင်ငံတွင်မူ တရားမဝင်သည့်အခါလည်းရှိပါသည်။ ဒီအခန်းတွင် နိုင်ငံခြားကျောင်းသား အနေဖြင့် အဓိက သတိထားရမည့်အချက်များကို ရှင်းပြပါမည်။

**(၁) ကျောင်းမှန်မှန်တက်ခြင်း**

ကျောင်းမှသတ်မှတ်သည့် သင်တန်းကို မတက်မနေရ တက်ရပါမည်။ ကျောင်းတက်နှုန်းနည်းပါက အတန်းမအောင်၊ ကျောင်းမပြီးသည့်အခါလည်းရှိနိုင်သည်။

**(၂) တရားမဝင်အလုပ်လုပ်ကိုင်ခြင်း**

နိုင်ငံခြားကျောင်းသားက ဂျပန်နိုင်ငံကို လာရောက်သည့် ရည်ရွယ်ချက်သည် ကျောင်းတက်ရန်ဖြစ်ပါသည်။ အချိန်ပိုင်းအလုပ်ကို သီးခြားစိစစ်မှုခံယူပြီး ခွင့်ပြုချက်ရသူက ခွင့်ပြုထားသည့်အတိုင်းအတာအတွင်းသာ လုပ်နိုင်ပါသည်။ **ခွင့်ပြုချက်မရှိပဲ အလုပ်လုပ်သည့်အခါ၊ ခွင့်ပြုထားသည့်အတိုင်းအတာကိုကျော်ပြီးလုပ်သည့်အခါ** တရားမဝင်အလုပ်လုပ်ကိုင်ခြင်းဖြစ်သွားပါမည်။ ဥပဒေအရနိုင်ငံခြားကျောင်းသားက နေထိုင်ခွင့်ပြင်ပလှုပ်ရှားမှုပြုလုပ်ခွင့်မရပဲ အချိန်ပိုင်းအလုပ်လုပ်ပါက၊ ခွင့်ပြုထားသည့်အချိန်ထက်ကျော်ပြီးလုပ်ပါက **ဥပဒေချိုးဖောက်သဖြင့် အရေးယူခြင်း(ထောင်ဒဏ်၊ အလုပ်ကြမ်းနှင့်ထောင်ဒဏ် (သို့) ဒဏ်ငွေ)**ခံရသည်။ ထို့အပြင် ကျောင်းထုတ်ခံရပြီး မိခင်နိုင်ငံသို့ပြန်ရပါလိမ့်မည်။ ဤကဲ့သို့ လုံးဝ မလုပ်ပါနှင့်။

### (၃) တရားမဝင်နေထိုင်ခြင်း

တရားမဝင်အလုပ်လုပ်ခြင်းကဲ့သို့ နိုင်ငံခြားကျောင်းသားအနေဖြင့် သတိထားရမည့်အချက်သည် **နေထိုင်ခွင့်သက်တမ်း**ဖြစ်ပါသည်။ အမှတ်တမဲ့ နေထိုင်ခွင့်သက်တမ်းထက် တစ်ရက်ကျော်လွန်မိခဲ့လျှင်လည်း **တရားမဝင်နေထိုင်ခြင်း**ဖြစ်ပြီး **ပြည်နှင်ဒဏ်ပေးခြင်းခံရနိုင်**သည်။ ကျောင်းပြီးဆုံးပြီးနောက် အခြားကျောင်းကိုဆက်တက်သည့်အခါ နေထိုင်ခွင့်သက်တမ်းတိုးရပါမည်။ အလုပ်ဝင်လုပ်သည့်အခါ နေထိုင်ခွင့်အမျိုးအစားပြောင်းရပါမည်။ **ပြည်နှင်ဒဏ်ပေးခြင်းခံရ**ပါက ကာလအတိုင်းအတာတစ်ခု ဂျပန်နိုင်ငံသို့ ဝင်ရောက်ခြင်းပိတ်ပင်ခံရပြီး နောက်နောင်တွင်လည်း ဂျပန်နိုင်ငံကိုဝင်ရောက်ရန်အတွက် အဆင်မပြေဖြစ်သွားနိုင်သည်။




**တရားမဝင်နေထိုင်ခြင်းဖြစ်သွားနိုင်သည့်အခြေအနေများ**

- ကျောင်းပြောင်းတက်ပြီးနောက်၊ ကျောင်းတက်နေစဉ် နေထိုင်ခွင့်သက်တမ်းကုန်ပြီး သက်တမ်းမကုန်ခင် သက်တမ်းတိုးရန် မလျှောက်ခဲ့သည့်အခါ။
- ကျောင်းပြီးဆုံးပြီး မိခင်နိုင်ငံသို့ပြန်ရန် စီစဉ်ခဲ့သော်လည်း သက်တမ်းမကုန်ခင် မပြန်သည့်အခါ။
  (နေထိုင်ခွင့်သက်တမ်းရှိသော်လည်း ကျောင်းသားပီသစွာ နေထိုင်ခြင်းမရှိပါက နေထိုင်ခွင့်ရုပ်သိမ်းခြင်းခံရနိုင်သည်။)

ထို့ကဲ့သို့မဖြစ်အောင် ဂျပန်နိုင်ငံတွင်ကျောင်းတက်တဲ့အခါ နေထိုင်ခွင့်သက်တမ်းကို သေချာလိုက်နာပါ။

### (၄) အခြား

- ကျောင်းပြောင်း၊ ကျောင်းထွက်၊ ကျောင်းပြီးသည့်အခါ ဒေသလူဝင်မှုကြီးကြပ်ရေးရုံးသို့ “သက်ဆိုင်သည့်အသင်းအဖွဲ့ပြောင်းခြင်း အကြောင်းကြားစာ”ကို တင်ရပါမည်။ (၁၄ ရက်အတွင်း)
- အပြင်သွားတိုင်းနေထိုင်ခွင့်ကတ်ကို မမေ့မလျော့ယူဆောင်ပါ။
- နေထိုင်ခွင့်ကတ်နှင့် My Numberကတ်ကို သူတစ်ပါးကို ငှားရန်းခြင်း လွှဲအပ်ခြင်းမပြုပါနှင့်။
- နေထိုင်ခွင့်ပျောက်ဆုံးပါက ပထမနီးစပ်ရာရဲစခန်းကို သွားပြီး ပျောက်ဆုံးကြောင်းအကြောင်းကြားပြီးနောက် ၁၄ရက်အတွင်း ဒေသလူဝင်မှုကြီးကြပ်ရေးရုံးတွင် ပြန်ထုတ်ပေးရန် လျှောက်ရပါမည်။
- My Numberကတ်ပျောက်ဆုံးပါက ရဲစခန်းကိုအကြောင်းကြားပြီးနောက် သက်ဆိုင်ရာမြို့နယ်ရုံးကို အကြောင်းကြားပြီး ပြန်ထုတ် ပေးရန် လျှောက်ရပါမည်။

My Numberကတ်မှာ သက်တမ်း(နေထိုင်ခွင့်ကုန်ဆုံးသည့်နေ့နှင့်ရက်အတူ)ရှိပါသည်။ သက်တမ်းမကုန်ခင် မြို့နယ်ရုံးတွင် သက်တမ်းတိုးပေးရန် လျှောက်ရပါမည်။

### (၅) နေထိုင်မှုပုံစံနှင့် ဥပဒေတို့မတူညီခြင်း

သင်နိုင်ငံတွင် ဘာမှမဖြစ်သည့်ကိစ္စဖြစ်နိုင်သော်လည်း ဂျပန်နိုင်ငံတွင် ရှောင်ကြဉ်သင့်သည့်အရာ၊ ဥပဒေချိုးဖောက်ရာရောက်သည့်အရာများရှိသည်။ အချို့အရာများကို ရှင်းပြပါမည်။

- လမ်းပေါ်တွင်ပစ်ထားသည့်စက်ဘီး၊ သူတစ်ပါး၏ပစ္စည်းကို ခွင့်မရဘဲမသုံးပါနှင့်။
- ကျောင်းသားကတ်၊ ကျန်းမာရေးအာမခံကတ်၊ နေထိုင်ခွင့်ကတ်တို့ကို သူတစ်ပါးကို ငှားပေးခြင်း ငှားယူခြင်းမပြုပါနှင့်။
- ညသန်းခေါင်းတွင်အိမ်အနီးအနားချင်းကို အနှောင့်အယှက်ပေးနိုင်လောက်သောအသံကျယ်ကြီးဖြင့်စကားမပြောပါနှင့်။

### ◆နိုင်ငံခြားသားတိုင်ပင်ဆွေးနွေးခြင်း

(တိုကျိုတွင်ရှိနိုင်ငံခြားသားများအတွက် နေထိုင်ခွင့်၊ အိမ်ထောင်ပြုခြင်း၊ နိုင်ငံသားခံယူခြင်း၊ အလုပ်အစရှိသောကိစ္စရပ်များတိုင်ပင်ဆွေးနွေးပေးနေသည်။)

| ဘာသာစကား | တိုင်ပင်နိုင်သည့်နေ့ (အနီရက်မပါ) | တိုင်ပင်နိုင်သည့်အချိန် | ဆက်သွယ်ရန်ဖုန်းနံပါတ် |
|---|---|---|---|
| **အင်္ဂလိပ်စာ** | **တနင်္လာနေ့မှ သောကြာနေ့အထိ** | 9:30～12:00<br>13:00～17:00 | +81-3-5320-7744<br>(ဂျပန်နိုင်ငံတွင်းမှ ခေါ်လျှင် 03-5320-7744) |
| **တရုတ်စာ** | **အင်္ဂါနေ့နှင့် သောကြာနေ့** | | +81-3-5320-7766<br>(ဂျပန်နိုင်ငံတွင်းမှ ခေါ်လျှင် 03-5320-7766) |
| **ကိုရီးယားစာ** | **ဗုဒ္ဓဟူးနေ့** | | +81-3-5320-7700<br>(ဂျပန်နိုင်ငံတွင်းမှ ခေါ်လျှင် 03-5320-7700) |

● **နေထိုင်မှုယဉ်ကျေးမှုအားကစားဦးစီးဌာန ပြည်သူနေထိုင်မှုဌာန၊ ဒေသလှုပ်ရှားမှုမြှင့်တင်ရေးဌာနခွဲ**
ဖုန်းဖြင့် တိုင်ပင်ဆွေးနွေးပေးပါသည်။ ရုံးကိုလာ၍ တိုင်ပင်ဆွေးနွေးလိုပါက ကြိုတင်ဖုန်းဆက်ပါ။

ရှင်ဂျုခုမြို့နယ် နီရှိရှင်ဂျုခု ၂-၈-၁
တိုကျိုခရိုင်အစိုးရရုံး တိုက်(၁) ၃၃ထပ်
163-8001

● **နိုင်ငံခြားသားနေထိုင်မှုဆိုင်ရာထောက်ပံ့ရေးစင်တာ** (FRESC) https://www.moj.go.jp/isa/support/fresc/fresc01.html
(နိုင်ငံခြားသားများအတွက်နေထိုင်မှုဆိုင်ရာကိစ္စရပ်များကိုတိုင်ပင်ဆွေးနွေးနိုင်ပါသည်။ အသေးစိတ်ကို ဝက်ဆိုက်တွင်လေ့လာပါ။)
ရှင်ဂျူခုမြို့နယ် ယိုဆုယ ၁-၆-၁ ယိုဆုယာတာဝါ ၁၃ထပ် 160-0004 ဖုန်း +81-3-5363-3013 (ဂျပန်နိုင်ငံအတွင်းမှခေါ်လျှင် navi-dial 0570-011000)

## ဂျပန်နိုင်ငံတွင်းရှိ သက်ဆိုင်သည့်ဌာနနှင့်အသင်းအဖွဲ့များ

● **ပညာရေး၊ ယဉ်ကျေးမှု၊ အားကစား၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန** https://www.mext.go.jp/
(ဂျပန်နိုင်ငံ၏ ပညာရေးဝန်ကြီးဌာန)

● **နိုင်ငံခြားရေးဝန်ကြီးဌာန** https://www.mofa.go.jp/mofaj/
(ဂျပန်နိုင်ငံ၏ နိုင်ငံခြားရေးရာဝန်ကြီးဌာန)

● **တရားရေးဝန်ကြီးဌာန** https://www.moj.go.jp/
(ဂျပန်နိုင်ငံ၏ ဥပဒေရေးရာဝန်ကြီးဌာန)

● **လူဝင်မှုကြီးကြပ်ရေးနှင့်နေထိုင်မှုစီမံခန့်ခွဲရေးဌာန** https://www.moj.go.jp/isa/index.html
(တရားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့်နေထိုင်မှုစီမံခန့်ခွဲရေး)

● **ဂျပန်နိုင်ငံကျောင်းသားများထောက်ပံ့ရေးအသင်း** https://www.jasso.go.jp/
(ဂျပန်တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ၊ ပညာသင်ဆု)

● **ဂျပန်ပညာရေးဖလှယ်ခြင်းနှင့်ဝန်ဆောင်မှုအသင်း** https://info.jees-jlpt.jp/
(ဂျပန်ဘာသာစကားအရည်အချင်းစစ်စာမေးပွဲ၊ နိုင်ငံခြားကျောင်းသားအိမ်ငှားအာမခံစနစ် )

● **ဂျပန်ခန်းဂျီးကျွမ်းကျင်မှုစာမေးပွဲအသင်း** https://www.kanken.or.jp/bjt/
(BJTIလုပ်ငန်းသုံးဂျပန်စာကျွမ်းကျင်မှုစာမေးပွဲ)

● **ဂျပန်စကားသင်ကြားခြင်းမြှင့်တင်ရေးအသင်း** https://www.nisshinkyo.org/
(ဂျပန်စာသင်တန်းကျောင်းများ)

● **တိုကျိုခရိုင်အထူးပြုသင်တန်းကောလိပ် အထွေထွေကောလိပ်များအသင်း** https://tsk.or.jp/multi/index.php
(တိုကျိုခရိုင်၏အထူးပြုသင်တန်းကျောင်း)

● **ဂျပန်အထူးပြုသင်တန်းကောလိပ် အထွေထွေကျောင်းများအသင်း** https://study-japan-ptc.jp
(ဂျပန်တစ်နိုင်ငံလုံး၏အထူးပြုသင်တန်းကျောင်း)

## နိုင်ငံခြားသားများအတွက် နေထိုင်မှုဆိုင်ရာအချက်အလက်များ

● **တိုကျိုခရိုင်နေထိုင်မှုယဉ်ကျေးမှုအားကစားဌာန ပြည်သူ့နေထိုင်မှုဌာနခွဲ စာအုပ် “**Life in Tokyo : Your Guide**”**
https://www.seikatubunka.metro.tokyo.lg.jp/chiiki_tabunka/tabunka/tabunkasuishin/0000000945.html

● **တိုကျိုခရိုင်ယဉ်ကျေးမှုပေါင်းစုံယှဉ်တွဲနေထိုင်ရေးဝက်ဆိုက်** https://tabunka.tokyo-tsunagari.or.jp/index.html

● **တိုကျိုခရိုင် လူနေအိမ်မူဝါဒဌာနချုပ် “အငှားအိမ်ရာဆိုင်ရာပြဿနာကာကွယ်ရေးလမ်းညွှန်”**
https://www.juutakuseisaku.metro.tokyo.lg.jp/juutaku_seisaku/tintai/310-4-jyuutaku.htm

ဂျပန်နိုင်ငံတွင် ပညာသင်ကြားခြင်းဆိုင်ရာသိကောင်းစရာများ ၂၀၂၄

မှတ်ပုံတင်နံပါတ် (၆) ၁၀

ထုတ်ဝေသည့်နေ့ ၂၀၂၄ ခုနှစ် ဇွန် လ ၂၈ ရက်

တည်းဖြတ်သူ တိုကျိုခရိုင်စားဝတ်နေရေး၊ယဉ်ကျေးမှုနှင့်အားကစားဦးစီးဌာန
ထုတ်ဝေသူ ပုဂ္ဂလိကကျောင်းဌာန ပုဂ္ဂလိကကျောင်းကြီးကြပ်ရေးဌာနခွဲ
၁၆၃-၈၀၀၁ တိုကျိုခရိုင်ရှင်ဂျူးခုမြို့နယ်နီရှိရှင်ဂျူးခု ၂-၈-၁
ဖုန်း ၀၃-၅၃၂၀-၄၄၂၄
ပုံနှိပ်တိုက် မီယာခါဝါပုံနှိပ် ကုမ္ပဏီလီမိတက်
၁၅၁-၀၀၅၃ တိုကျိုခရိုင်ရှိဘူယာမြို့နယရိုရိုဂီ ၁-၅၄-၂
ဖုန်း ၀၃-၅၃၅၈-၂၄၈၄ ဖက်စ် ၀၃-၅၃၅၈-၂၄၉၄




リサイクル適性Ⓐ
この印刷物は、印刷用の紙へリサイクルできます。

石油系溶剤を含まないインキを使用しています。

ဂျပန်နိုင်ငံတွင် ပညာသင်ကြားခြင်းဆိုင်ရာ သိကောင်းစရာများ ၂၀၂၄
တိုကျိုခရိုင် ၊ နိုင်ငံခြားကျောင်းသားများဥပဒေချိုးဖောက်ခြင်းတားဆီးရေးဆိုင်ရာကောင်စီ